ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ စနေနေ့၊ (13-3-2004) (၄၁၇၄)

သိပ္ပဥ္စ
တော် မင်္ဂလ မုတ္တမံ။

လက်မှု စက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အသက်နဲ့လဲကာကွယ်

နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောဟာ အချုပ်အခြာအာဏာပဲဖြစ်တယ်။ ဥပဒေပြုရေးအာဏာနဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုတဲ့ အာဏာသုံးရပ်ဟာ အချုပ်အခြာအာဏာလို့ နားလည်ထားရမယ်။ ဒီအာဏာသုံးရပ်ဟာ ကိုယ့်နိုင်ငံသား၊ ကိုယ့်လူမျိုးများရဲ့ လက်ထဲမှာပဲ ရှိနေရမယ်။ ဘယ်တိုင်းတစ်ပါးသားရဲ့ လက်ထဲ ကိုမှတိုက်ရိုက်ပဲဖြစ်စေ၊ သွယ်ဝိုက်၍ပဲဖြစ်စေ ထည့်မထားနိုင်ဘူး။ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို သူတစ်ပါးက တစ်နည်းနည်းနဲ့ ဩဇာလွှမ်းမိုးနေပြီဆိုရင် ဒါဟာ ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းနဲ့ ကျွန်ပြုခြင်းကို ခံနေရပြီလို့မှတ်ရမယ်။ ဒီတော့တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်နဲ့လဲပြီး ကာကွယ်သွားရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ် စောင်ရေ ၁၉၇၂၁၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်မျက်ရတနာပြပွဲအကြို ခင်းကျင်းပြသထားမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြို ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ညနေ ၄ နာရီတွင် ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားသည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်အရိုင်း၊ အထည်ကျောက်အရိုင်းနှင့်အသားကျောက်အရိုင်းတုံးများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃–၃–၂၀၀၄
(စနေနေ့)

မြို့တော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ကြိုးပမ်းစပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုး

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်များ၏ အင်္ဂါရပ်များနှင့်လျော်ညီစွာ ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာဌာနအသီးသီးတို့က ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ရန်ကုန်မြို့တော်အတွင်း လမ်းကျယ် လမ်းမများ စနစ်တကျဖောက်လုပ်ခြင်း၊ အဆင့်မြင့်အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့်အတူ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် သဘာဝအလှအပနှင့် ပန်းတင့်မှုရှိစေရေး၊ အဆင့်မြင့်ဥယျာဉ်ကြီး တစ်ခုအဖြစ် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော် ခေတ်မီဖွံ့ဖြိုးလာခြင်းနှင့်အတူ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်တွင် စိုက်ပျိုးရေးကိုအခြေခံထားပြီး စိမ်းလန်းစိုပြည်စေရေး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားသည်။

ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် ရန်ကုန်တိုင်း စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေးအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။ အဆိုပါစီမံကိန်းသည် ကြီးမားသော ဆည်တမံကြီးများ တည်ဆောက်ပေးရန် မလိုအပ်ဘဲ တည်ရှိပြီးဖြစ်သော ရေသွယ်တူးမြောင်းများ၊ ရေထိန်းတံခါးများ၊ ဆည်တမံအသေးစားများကို လိုအပ်သည့်ဒေသများတွင် စနစ်တကျဆက်စပ်တည်ဆောက်ပေးရုံမျှဖြင့် အချိန်တိုကာလအတွင်း တိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

ပဲခူးတိုင်း ကဝမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသည့် ရွှေလှေရေထိန်းတံခါးကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါရေထိန်းတံခါးကြီးသည် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း ဆက်စပ်ရာနယ်မြေတွင်တည်ရှိပြီး ကဝမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၀၀၀၀ နှင့် ခရမ်းမြို့နယ်အတွင်းရှိ လယ်မြေဧက ၁၅၀၀၀ စုစုပေါင်း လယ်မြေဧက ၃၅၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ရွှေလှေရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများအား အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်စေရေးတို့နှင့် စပ်လျဉ်း၍ **ဤရွှေလှေရေထိန်းတံခါးကြီးသည် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရေး၊ အထူးသဖြင့် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြို့တော် မိုင်၃၀ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးကိုလည်း ဆက်စပ်အထောက်အကူပြုမှာဖြစ်သည့်အတွက် အရေးပါသည့် ရေထိန်းတံခါးကြီးတစ်ခုဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရေး စီမံကိန်းအကောင်အထည်ဖော်ရာတွင် ရန်ကုန်တိုင်းရှိမြို့နယ်များ စိုက်ပျိုးရေရရှိရေးအတွက် ပဲခူးတိုင်းအတွင်းရှိ မိုးယွန်းကြီးအင်းတွင် ရေသိုလှောင်ပြီး ယင်းမှ တူးမြောင်းရှည်ကြီးဖြင့် ရေသွယ်ယူ၍ ခရမ်း၊ သုံးခွ၊ သန်လျင်၊ ကျောက်တန်းဒေသများသို့ စိုက်ပျိုးရေပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့၏ မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင် ရန်ကုန်မြို့တော်ပတ်ဝန်းကျင်(အရှေ့ခြမ်း) တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးကို ကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အရှေ့ခြမ်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်များ ပါဝင်သည်။

မိုးယွန်းကြီးအင်းသည် ရေသိုလှောင်မှု ပမာဏမှာ ဧကပေ ၁၄၀၀၀၀ ရှိရာ ပဲခူးမြို့နယ်၊ ကဝမြို့နယ်နှင့် သနပ်ပင် မြို့နယ်များအတွင်းရှိ လယ်မြေဧက ၃၅၀၀၀ ခန့်ကို နွေရာသီတွင် ရေပေးဝေလျက်ရှိသည်။ ထို့အပြင် ရန်ကုန်တိုင်းအတွင်းရှိ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များရှိ လယ်မြေရိယာ ဧက ၅၅၀၀၀ သို့ ရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးတွင် ဆည်မြောင်းဦးစီးဌာနက ခရမ်း ရေထိန်းတံခါးကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ ရေထိန်းတံခါးတည်ဆောက်ပြီးစီးပါက သန်လျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းမြို့နယ်များ၌ ရေတော်၊ မိုးတော်လယ်မြေများရရှိပြီး နွေစပါးနှင့် သီးထပ်သီးနှံများ စိုက်ပျိုးရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး စီမံကိန်း အောင်မြင်ဖြစ်ထွန်းရေး၊ စပါးနှင့် သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ တောင်သူလယ်သမားများက ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။**
★ **နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။**
★ **ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။**

အောင်စေတီ သာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး သိက္ခာထပ် မွေးနေ့မင်္ဂလာ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ၁၀ မိုင် အောင်စေတီ သာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး အရှင်ဘဒ္ဒန္တစတိလ၏ (၈၃)နှစ်မြောက် သိက္ခာထပ်မွေးနေ့မင်္ဂလာ ပူဇော်ပွဲအခမ်းအနားကို မတ် ၁၈ ရက်တွင် အဆိုပါ အောင်စေတီသာသနာ့ဗိမာန်ကျောင်း၌ နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့ နံနက် ၉နာရီတွင် သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

တောင်ငူမြို့ ရွှေမင်းဝင်ဝိပဿနာ အလုပ်ပေးတရားစခန်း

ရန်ကုန် မတ် ၁၂

တောင်ငူမြို့ ရွှေမင်းဝင် နိုင်ငံတကာ ဝိပဿနာ အလုပ်ပေးတရားစခန်းကို ဆရာတော် အရှင်အာဒိစ္စရံသီ၏ တပည့်များဖြစ်ကြသော ဦးပညာစက္က (ရွှေမင်းဝင်)၊ ဦးဇနက(ချောက်)တို့နှင့် အကျိုးဆောင်အဖွဲ့တို့က ဦးစီး၍ ၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်၊ ဧပြီ ၁၀ ရက်မှစ၍ ကိုးရက်ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် ဦးမြင့်ရွှေ ဖုန်း– ၀၅၄–၂၁၇၀၇/ ၂၁၆၁၆ နှင့် ဦးတင့်လွင် ဖုန်း–၀၅၄–၂၁၅၅၀ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဝန်ကြီးဦးဝင်းအောင် စပိန်နိုင်ငံ မဒရစ်မြို့၌ ဗုံးပေါက်ကွဲမှုကြောင့် အသက်ဆုံးရှုံးခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၂

၂၀၀၄ခုနှစ် မတ် ၁၁ ရက်တွင် စပိန်နိုင်ငံ မဒရစ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူ လူအများအပြား အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် အာနာ ပလာစီရိုထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုကဗျာ

မတ်လသမိုင်း နွေသမိုင်း

☆ မြရည်မြနှစ်၊ မြပုရစ်တို့
ဖူးသစ်ဝေဝေ၊ လေရူးမွှေသော်
ဥရွှေသြကာ၊ ပြန်ပြောပြသည်
မတ်လသမိုင်း နွေသမိုင်း။

☆ ထီးကျိုးစည်ပေါက်၊ သူ့လက်အောက်၌
ရောက်ခဲ့ဖူးသည်၊ ငါတို့ပြည်တည့်
မျက်ရည်စွတ်စွတ်၊ ကိုယ်ဝတ်ချို့တဲ့
နေခဲ့ညှိုးချုံး၊ ယူကျုံးမရ ထိုကာလ။

☆ **ယူကျုံးမရ၊ ဖြစ်ရုံမျှဖြင့်**
ဘဝစခန်း၊ အမှောင်လမ်းကို
ဖြတ်သန်းနိုင်မည်၊ မဟုတ်ပြီဟု
ပြည်မြန်မာဖွား၊ တို့ဘိုးဘွားတို့
နိုးကြားအမြင် မှန်ခဲ့ကြောင်း။

☆ **တောင်ပေါ်မြေပြန့်၊ အနှံ့ပြည်လုံး**
စုရုံးညီညာ၊ ရဲရင့်စွာလျှင်
ငါတို့မြေပေါ်၊ ကျူးကျော်စော်ကား
နယ်ချဲ့များကို
နိုးကြားထက်သန်၊ ဇာတိမာန်ဖြင့်
တော်လှန်တိုက်ပွဲ နွှဲခဲ့ကြောင်း။

☆ ပေါက်ပန်းနီနီ၊ အာဇာနည်တို့
ချီတက်ရင်ဆိုင်၊ မမေ့နိုင်ခဲ့
တို့ပိုင်စိုးရာ၊ ဤမြေလွှာမှ
အာဏာယစ်မူး၊ နယ်ချဲ့ရူးတို့
ဦးတည်ရာပြေး၊ တော်လှန်ရေးလျှင်
သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်
မျိုးချစ်ဇာနည် ပီခဲ့ကြောင်း။

☆ သြော်...မြရည်မြနှစ်၊ မြပုရစ်တို့
ဖူးသစ်ဝေဝေ၊ လေရူးမွှေသော်
ဥရွှေသြကာ၊ ပြန်ပြောပြသည်
မတ်လသမိုင်း နွေသမိုင်း။

ခွန်ရဲသွေး(အေးသာယာ)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် မြန်မာ့ကျောက်မျက်ရတနာ ခန်းမ မြေညီထပ်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင်များ၊ ပုဂ္ဂလိက ကျောက်မျက်ရတနာ အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် အပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ပုလဲရတနာအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီထပ်ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်မျက် အရောင်းဆိုင်များ၊ ပုဂ္ဂလိက ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီဆိုင်များကို ကြည့်ရှုစစ်ဆေးရာ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက် အရိုင်း၊ အထည်ကျောက် အရိုင်းနှင့် အသားကျောက် အရိုင်းတုံးများကို ကြည့်ရှုစစ်ဆေးရာ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

ပတ္တမြားရိုင်းကြီး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမအပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများနှင့် ပုလဲရတနာအတွဲများကိုလည်းကောင်း၊ ခန်းမအလယ်ထပ် ဈေးပြိုင်ခန်းမ၌ ခင်းကျင်းပြသထားသည့် ထူးခြားသည့် ကျောက်စိမ်းရည်ကျောက်များနှင့် စကျင်ကျောက်အတွင်း စွဲဝင်နေသည့် ပတ္တမြားရိုင်းကြီးကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

မှာကြား

ယင်းနောက် ဈေးပြိုင်ခန်းမ၌ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကျောက်စိမ်းတုံးများ

မြန်မာ့ ကျောက်မျက်ရတနာခန်းမ၌ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်း ပြသထားသည့် ကျောက်စိမ်းတုံးများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ ကျောက်မျက်ရတနာခန်းမ၌ (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်း ပြသထားသည့် ပုလဲရတနာများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု မူးယစ်ဆေးစွဲရောဂါ ကုသရေးစခန်းတည်ဆောက်မှုကြည့်ရှု

ရန်ကုန် မတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် တာချီလိတ်မြို့မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်အောင်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၀ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားသည်။

ထိုမှဆက်လက်၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် တာချီလိတ်မြို့ အနောက်ဘက်ငါးမိုင်ခန့်အကွာရှိ လွယ်တော်ခမ်းကျေးရွာအုပ်စု အခါတိုင်းရင်းသားခေါင်းဆောင် ဦးအာဇီးက ဦးစီးဆောက်လုပ်လျက်ရှိသော လူထုအခြေပြု မူးယစ်ဆေးဝါးရောဂါကုသရေးစခန်း ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှု အားပေးရာ ဦးအာဇီးက စီမံဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များအကြံပြုသည်။ ၎င်းစခန်း တည်ဆောက်နေမှုမှာ ယခုနှစ်မတ် ၁၅ ရက်တွင် ပြီးစီးနိုင်မည်ဟုသိရပြီး ဧပြီလဆန်းတွင် မူးယစ်ဆေးစွဲရောဂါလူနာများအား စတင်ကုသပေးနိုင်မည်ဖြစ်ကြောင်းနှင့် တစ်ကြိမ်လျှင် တစ်လကြာ လူနာ ၂၀ နှုန်း ကုသပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ မူးယစ်ဆေးစွဲရောဂါလူနာများအား တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံဆရာဝန်ကြီး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမနှစ်ဦးတို့ဖြင့် ကြပ်မတ် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်မဟာမြတ်မုနိ ပရိယတ္တိစာသင်တိုက်တွင် နဂါးနှစ်ကောင်ဆရာတော်၏ ကမကထပြုလုပ်မှုဖြင့် ကျင်းပသော ဘွဲ့ခံဆရာတော် နှစ်ပါးအား သိက္ခာထပ်နှင့် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော် သံဃာတော်တို့အား မြို့လူထုနှင့်အတူ ဆွမ်းဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)

ကုလကိုယ်စားလှယ်အဖွဲ့ အီရတ်တောင်ပိုင်း ဘာဆရာမြို့သို့ ဒုတိယအကြိမ်ရောက်ရှိ

ဂျီနီဗာ မတ် ၁၁

ပူးတွဲကုလသမဂ္ဂသုံးသပ်ရေးကိုယ်စားလှယ်အဖွဲ့သည် တနင်္ဂနွေနေ့က အီရတ်နိုင်ငံ ဘာဆရာမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းမှာ လွန်ခဲ့သည့်နှစ် ဩဂုတ်လက ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်တွင် အကြီးအကျယ်ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကုလသမဂ္ဂ၏ နိုင်ငံတကာ ဝန်ထမ်းအများစု ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် အီရတ်နိုင်ငံတောင်ပိုင်းသို့ ဒုတိယအကြိမ်မြောက် ပြန်လည်ရောက်ရှိခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာ)က အင်္ဂါနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ယာယီ အထူး ကိုယ်စားလှယ် ရော့စ် မောင်တိန်၏ မေတ္တာရပ်ခံချက်အရ ယခုကဲ့သို့ ဘာဆရာသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ယူအင်အိပ်ချ်စီအာ ပြောရေးဆိုခွင့်ရှိသူရွန်ရက်မွန်က ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ကူဝိတ်နိုင်ငံမှ ဖြတ်ကျော်ပြီးနောက်တွင် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့သည် လုံခြုံရေးအခြေအနေကို လေ့လာသုံးသပ်ရန်နှင့် ကုလသမဂ္ဂအေဂျင်စီများနှင့် တွေ့ဆုံဆွေးနွေး၍ ဘာဆရာမြို့၌ တစ်ရက်ကြာလည်ပတ်ခဲ့သည်။

ပို၍များပြားလာပုံရ

ဘာဆရာမြို့ လူသွားလူလာ ပို၍များပြားပုံရကြောင်း၊ ယင်းသို့ ဖြစ်ရခြင်း၏ တစ်စိတ်တစ်ဒေသမှာ အီရတ်နိုင်ငံသားအများအပြား နိုင်ငံတောင်ပိုင်းသို့ ပြန်လည်ရောက် ရှိလာသောကြောင့်ဖြစ်ကြောင်း ရက်မွန်ကပြောကြားသည်။

ပြန်လည်ရောက်ရှိ

လွန်ခဲ့သည့်နှစ်ကတည်းက နိုင်ငံတောင်ပိုင်းသို့ ဒုက္ခသည် ၁၂၀၀၀ဦး ကျော် ပြန်လည်ရောက်ရှိလာကြောင်း အီရတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အကယ်၍ အီရတ်ဒုက္ခသည်များ ပြန်လည်ရောက်ရှိမှုကို ကြီးကြပ်ကွပ်ကဲမှုမရှိလျှင် စီးပွားရေးအကျပ်အတည်းများနှင့် လူမှုရေးမတည်ငြိမ်မှုများ ကြီးထွားလိမ့်မည်ဟု ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကလေးငယ်တစ်ဦးကို စစ်ဆေး

အီရတ်နိုင်ငံ တီကရစ်မြို့၌ အီရတ်ကလေးငယ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးက စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လမ်းဘေး ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၁၁

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းတွင် အင်္ဂါနေ့က လမ်းဘေး၌ ထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် မော်တော်ယာဉ်လေးစီးပါသော ယာဉ်တန်းဖြင့် ဘဂ္ဂဒက်မြို့မြောက်ဘက်မိုင် ၄၀ အကွာတွင်ရှိသော ဘာကူဘာမြို့ အနောက်တောင်ပိုင်းကို ဖြတ်သန်းမောင်းနှင်စဉ် ဒေသစံတော်ချိန်နံနက် ၉ နာရီခွဲခန့်၌ ဗုံးပေါက်ကွဲခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

ဘာကူဘာမြို့၌ ဗုံးပေါက်ကွဲ တစ်ဦးဒဏ်ရာရပြီး အဆောက်အအုံ အကြီးအကျယ်ပျက်စီး

ဘဂ္ဂဒက် မတ် ၁၁

အီရတ်နိုင်ငံ ဘာကူဘာမြို့ရှိ ရုံးတစ်ခု အပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူတစ်ဦး ဒဏ်ရာရရှိပြီး အဆောက်အအုံမှာ အကြီးအကျယ် ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ ရှိသူများက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီကျော်စတွင် ဖြစ်ပွားသည့် အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ဘဂ္ဂဒက်မြောက်ဘက်ရှိ ဘာကူဘာမြို့မှ အီရတ်တော်လှန်ရေးဦးစီးကောင်စီ(အက်စ်စီ အိုင်အာအိုင်)ရုံး၏ ပြတင်းပေါက်များနှင့် တံခါးများ ကျိုးအက်ပျက်စီးခဲ့ရသည်။

အက်စ်စီအိုင်အာအိုင် အကြီးအကဲ အပါအဝင် ခေါင်းဆောင်များက တနင်္လာနေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် ယာယီဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ ကိုယ်စားပြုပါဝင်မှုကို ကစဉ့်ကလျားဖြစ်စေနိုင်သည့် အချို့အပိုဒ်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ကြီးထွားစေခဲ့သည်။

ပစ်မှတ်လွဲချော်

ထိုအတောအတွင်း ဘဂ္ဂဒက်မြို့ လယ်တွင် ဗုဒ္ဓဟူးနေ့နံနက်က ပေါက်ကွဲသံများနှင့် လက်နက်ငယ်များ ပစ်ခတ်သံကို ကြားခဲ့ရသည်။ ယခုသီတင်းပတ် စောစောပိုင်းကလည်း အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သည့် စိန်ပြောင်းက ပစ်မှတ်ကို လွဲချော်ခဲ့သည့်အတွက် အီရတ်အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ခန့်မှန်းထား

အီရတ်နိုင်ငံတွင် စစ်ပွဲကြောင့်နှင့် အမေရိကန်တို့၏ သိမ်းပိုက်မှု နောက်ဆက်တွဲ အကျိုးဆက်များကြောင့် အရပ်သား ၈၄၀၀ နှင့် ၁၀၃၀၀ အကြားသေဆုံးခဲ့ရသည်ဟု ခန့်မှန်းထားသည်။

အင်တာနက်။

စက်ရုပ်ဂီတမှူး ဖျော်ဖြေတင်ဆက်မည်

တိုကျို မတ် ၁၂

တိုကျိုမြို့တွင် လူသားများ ပါဝင်တီးမှုတ်သည့် သံစုံတီးဝိုင်း၏ ဂီတသင်္ကေတပြသူအဖြစ် ဆိုနီကုမ္ပဏီ ထုတ်လုပ်သည့် စက်ရုပ်က ပါဝင်ဖျော်ဖြေခြင်းကို မနေ့က အစမ်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ယင်း စက်ရုပ်နှင့် လူသားများ တွဲဖက်ပြီး သံစုံတီးဝိုင်းနှင့် ဖျော်ဖြေရာတွင် ပထမပိုင်း၌ အခက်အခဲရှိသော်လည်း နောက်ပိုင်းတွင် အဆင်ပြေမှုရှိပြီး အစမ်းလေ့ကျင့်မှုကို ခုနစ်ကြိမ်တိုင် ပြုလုပ်ခဲ့ရသည်။

ကြည့်ရှုနိုင်

ယင်း စက်ရုပ်က ဂီတသင်္ကေတပြသူအဖြစ် တီးခတ်ဖျော်ဖြေမည့် သံစုံတီးဝိုင်းကို မကြာခင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

အင်န်အိပ်ချ်ကေ။

အာကာသစူးစမ်းရေး

မှန်ပြောင်းမှ ရရှိချက်များ ထုတ်ပြန်

ဝါရှင်တန် မတ် ၁၂

အာကာသအတွင်း လွှတ်တင်ထားသည့် ဟာဘယ်လ်အာကာသစူးစမ်းလေ့လာရေး မှန်ပြောင်းမှ စုဆောင်း ရယူထားချက်ကို အာကာသဆိုင်ရာသိပ္ပံက ထုတ်ပြန်ပြသခဲ့သည်။ အဆိုပါ ထုတ်ပြန်ခဲ့သည့်ပုံများသည် စကြာဝဠာ၏ သက်တမ်းအစောဆုံးနှင့် အနက်ရှိုင်းဆုံး ရုပ်ပုံများ ဖြစ်ဖွယ်ရှိသည်။ အာကာသအတွင်း ဟာဘယ်လ် မှန်ပြောင်းကို လွှတ်တင်ထားသည်မှာ ကြာမြင့်ပြီဖြစ်သည့် အလျောက် ၎င်းသည် ယခုစကြာဝဠာ၏ သက်တမ်း ငါးရာခိုင်နှုန်းကာလက စတင်ခဲ့သည့် အလင်းတန်းများကိုပါ စုဆောင်းထားသည်။ ဟာဘယ်လ် မှန်ပြောင်းသည် နဂါးငွေ့တန်းပေါင်း တစ်သောင်းခန့်၏ ပုံများကို စုဆောင်းထားပြီး ၎င်းတို့ စုဆောင်းထားမှုတွင် အချို့သည် ဆန်းကြယ်သည့် ပုံသဏ္ဌာန်များ ရှိသည်။ ကြယ်များ၏ ဖွဲ့စည်းမှုသည် ကမ္ဘာ့ဆွဲငင်အားကို တုံ့ပြန်ရာမှ အဆိုပါ အသွင်ဆန်းများ ဖြစ်လာဖွယ်ရှိသည်ဟု သုတေသီများက ပြောကြားခဲ့သည်။

စီစီတီဗွီ။

လုံခြုံရေး စောင့်ကြပ်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အဆေးပြေးလမ်းမကြီးတစ်နေရာတွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေရှည်ကားမောင်းမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကြောင့် အဆုတ်ကင်ဆာအဖြစ်များ

ရှန်ဟိုင်း မတ် ၁၁

ကားမောင်းခြင်း၊ ဓာတ်ဆီ၊မော်တော်ယာဉ်မှထုတ်လွှတ်သော အခိုးအငွေ့၊ စားဖိုဆောင်မှ မီးခိုးတို့နှင့် ရေရှည်ထိတွေ့ခြင်းတို့အပြင် ကျန်းမာရေးကိုထိခိုက်စေသော အစားအစာများကြောင့် အဆုတ်ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက သတိပေးပြောကြားသည်။

ရှန်ဟိုင်းတိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခဟေယူမင်းဦးဆောင်သောသုတေသနပညာရှင် အုပ်စုတစ်စုသည် အဆုတ်ကင်ဆာဖြစ်ပွားသူ လူနာ ၂၀၀၀ကျော်တို့အား ငါးနှစ်ကြာအချိန်ယူကာ သုတေသနပြု လေ့လာချက်သည် အပြီးသတ်ပြီးဖြစ်သည်။

အဆိုပါပညာရှင်များ၏ လေ့လာချက်အရ လေ့လာခဲ့သော အသက် ၅၀နှစ်နှင့် ၅၀ နှစ်အောက် အဆုတ်ကင်ဆာလူနာ ၃၄၃ ဦးအနက် ၉၈ ဦး သို့မဟုတ် ၂၈ ဒသမ ၆ ရာခိုင်နှုန်းတို့မှာ အချိန်ပြည့် မော်တော်ယာဉ်မောင်းများဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

အသက်ငယ်ရွယ်သူ လူနာအုပ်စုများအတွင်း အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းထားပိုများကြောင်း ပါမောက္ခဟေက ပြောကြားသည်။ ထို့အပြင် အသက် ၄၀ နှစ်အောက် လူနာများ၏ ၃၃ ဒသမ ၃ ရာခိုင်နှုန်းသည် ၎င်းတို့ အဆုတ်ကင်ဆာ စတင်မဖြစ်ပွားမီ ၁၀ နှစ် သို့မဟုတ် ၁၀ နှစ်ကျော်ကျော် မော်တော်ယာဉ်မောင်းနှင်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

အသက် ၅၀နှစ်အောက် လူနာများအုပ်စုတွင် ကျား၊ မ အချိုးအစားမှာ တစ်အချိုးတစ်ခန့်ရှိနေရာ ကင်ဆာရောဂါဖြစ်ပွားလျက်ရှိကြောင်း၊ ဤအချက်က အမျိုးသားများသည် အမျိုးသမီးများထက် သာမန်အားဖြင့် ရောဂါဖြစ်ပွားမှု ပို၍ များသည်ဆိုသော အစဉ်အလာအရ လက်ခံထားခြင်းကို ဆန့်ကျင်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါပါမောက္ခက သတိပေးပြောကြားသည်။

ထို့ပြင် ဆေးလိပ်သောက်ခြင်းသည် အမျိုးသားများတွင် အဆုတ်ကင်ဆာဖြစ်ပွားရခြင်း၏ အဓိကအကျဆုံး အကြောင်းရင်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နေကြောင်း၊ အမျိုးသမီးများအတွက်မူ ဆေးလပ်သောက်ခြင်းသည် အဓိကအကြောင်းမဟုတ်ကြောင်း ၎င်းကပြောကြားသည်။

ကင်ဆာရောဂါဖြစ်ပွားသူ အမျိုးသားလူနာ ၇၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သူများဖြစ်ကြသော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့်ထိတွေ့သူသို့မဟုတ် ဆေးလိပ်သောက်သူအမျိုးသမီး လူနာအရေအတွက်မှာ ၁၈ ရာခိုင်နှုန်းမျှသာ ရှိကြောင်းကိုလည်း ၎င်းက တင်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကုလဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် ကန်နိုင်ငံခြားမူဝါဒ ကျွမ်းကျင်သူများအဖွဲ့ တိုက်တွန်း

ဝါရှင်တန်ဒီစီ မတ် ၁၁

အမေရိကန်ပြည်ထောင်စု ရီပတ်ဘလီကင်ပါတီမှ အမတ်များနှင့် ဒီမိုကရက်တစ်ပါတီမှ အမတ်များအနေဖြင့် အီရတ်ကိစ္စနှင့်ပတ်သက်၍ ဆုံးခန်းတိုင်ဆောင်ရွက်ရန်လိုအပ်ကြောင်း နိုင်ငံခြားမူဝါဒ ကျွမ်းကျင်သူ ၂၀ ခန့် ပါဝင်သည့်အဖွဲ့က တိုက်တွန်းလိုက်ကြောင်း၊ သို့ရာတွင် အီရတ်ပြည်သူလူထုအား အချုပ်အခြာအာဏာလွှဲပြောင်းမည့် အသွင်ပြောင်းကာလတွင် ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂကို တိုက်တွန်းလိုက်သည်။

အမေရိကန်သမ္မတ ဂျော့ချ်ဘုရှ်နှင့် ၎င်း၏ ပြိုင်ဘက်သမ္မတလောင်း ဒီမိုကရက်တစ်ပါတီမှ ဂျွန်ကယ်ရီတို့အနေဖြင့် မကြာမီကာလအတွင်း အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် အမေရိကန်ပြည်ထောင်စုက ရည်ရွယ်ချက်မရှိကြောင်းနှင့် စစ်ပွဲလွန်ခေတ် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ငွေကြေးဆက်လက် ထည့်ဝင်ရန် တာဝန်ယူရေးကိစ္စတို့ကို ပြတ်သားစွာ ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း အဆိုပါ ကျွမ်းကျင်မှုအဖွဲ့က အင်္ဂါနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်၏ အီရတ်နိုင်ငံဆိုင်ရာ မူဝါဒမအောင်မြင်မှုကြောင့် အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရမည့်အခြေသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဟောင်း ဂျိမ်းစ်ရှလီဆင်ဂျာက ထုတ်ဖော်ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုအနေဖြင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍအား နိုင်ငံရေးအရ အသွင်ပြောင်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှေ့ဆောင်အခန်းကဏ္ဍမှ ပါဝင်ရန် မြှင့်တင်ပေးသင့်ကြောင်း အငြိမ်းစားသံအမတ်ကြီး မောမက်စ်ပစ်ကရင်းက ပြောကြားသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ယုံကြည်စေလောက်သည့် အသွင်ကူးပြောင်းရေးဆိုင်ရာ ဆောင်ရွက်မှုကို အီရတ်ပြည်သူအားလုံးက လက်မခံသည့်တိုင်အောင် အများစုက လက်ခံလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်ရှိ အမေရိကန်အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် အမေရိကန်အစိုးရတို့ ရင်ဆိုင်တွေ့ကြုံနေရသည့် အဓိကစိန်ခေါ်မှုမှာ စစ်ရေးထက်နိုင်ငံရေးသာဖြစ်ကြောင်း ဖော်ပြပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။***အင်တာနက်။***

မတ် ၁၁ ရက်က အီရတ်နိုင်ငံ ဒီဝါနီယာမြို့တွင် ကင်းလှည့်စောင့်ကြပ်ပြီးနောက် အခြေစိုက်စခန်းသို့ ပြန်လည်ရောက်ရှိလာသည့် စပိန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ တင်သွင်းသည့် လောင်စာအပေါ် ဈေးတင်မှု ဟာလီဘာတန်ကုမ္ပဏီကို စုံစမ်းစစ်ဆေးနေ

ဝါရှင်တန် မတ် ၁၁

အီရတ်နိုင်ငံတွင် ကန်ထရိုက်ရရှိထားသော အမေရိကန် ကုမ္ပဏီကြီးဖြစ်သည့် ဟာလီဘာတန်သည် အီရတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ဘီလျံနှင့်ချီ၍ စရိတ်ခန့်မှန်းချက်များ မည်သို့မည်ပုံရေးဆွဲထားသည်နှင့် ပတ်သက်သည့် ပြဿနာများကို အမေရိကန် စစ်ဌာနချုပ်မှ စာရင်းစစ်များက စစ်ဆေးတွေ့ရှိရကြောင်းဖြင့် ဒီမိုကရက်တစ်ပါတီမှ ဥပဒေပြုဌာန်းသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဟာလီဘာတန်ကုမ္ပဏီသည် တက္ကဆက်ပြည်နယ် အခြေစိုက် ရေနံလုပ်ငန်းကုမ္ပဏီဖြစ်ပြီး အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီ တည်ထောင်ခဲ့သည့် ကုမ္ပဏီဖြစ်သည်။ ယင်းကုမ္ပဏီသည် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ထံသို့ တင်ပို့ခဲ့သည့် လောင်စာပေါ်တွင် ဈေးနှုန်းမြှင့်တင်ခဲ့မှုကြောင့် အမေရိကန် စစ်ဘက်မှ စာရင်းစစ်ချုပ်က ယခုအခါ စစ်ဆေးစုံစမ်းလျက်ရှိပြီး ရွေးကောက်ပွဲမဲဆွယ်ကာလတွင် ဒီမိုကရက်တစ်ပါတီမှ အမတ်များ၏ ဝေဖန်စရာအကြောင်းအရာအဖြစ် ရောက်ရှိနေသည်။

ဟာလီဘာတန်ကုမ္ပဏီ၏ စရိတ်ခန့်မှန်းဖော်ပြမှုများတွင် ဟာကွက်ပျော့ကွက်များရှိနေကြောင်း ပြသလျက်ရှိသည်ဟု ကာကွယ်ရေးဌာနမှ စာရင်းစစ်များက စစ်ဆေးတွေ့ရှိရသည်ဟု သတင်းများအရ သိရှိရကြောင်း ကာလီဖိုးနီးယား ပြည်နယ်မှ ကိုယ်စားလှယ် ဟင်နရီဝက်စ်မန်က ပြောကြားသည်။

ဟာလီဘာတန်ကုမ္ပဏီက ကန်ထရိုက်လက်ခံ၏ စရိတ်များနှင့် ပတ်သက်၍ ဒေါ်လာ ၂၁ဒသမ ၇ဘီလျံတန်ဖိုးရှိ အဆိုပါ ဈေးနှုန်းခန့်မှန်းချက်ကို တင်သွင်းခဲ့ကြောင်း စာရင်းစစ်အဖွဲ့၏ နောက်ဆုံး အစီရင်ခံစာအရ သိရှိရကြောင်း ဝက်စ်မန်းက ဆက်လက်ပြောကြားသည်။

ဟာလီဘာတန် ကုမ္ပဏီသည် အီရတ်ရှိ တပ်ဖွဲ့ဝင်များအတွက် စစ်ဘက်ဆိုင်ရာ အဆောက်အအုံနှင့် ပစ္စည်းများ၊ အစားအသောက်ဖြည့်တင်းရေးလုပ်ငန်းနှင့် အဝတ်လျှော်လုပ်ငန်းများအတွက် ဒေါ်လာ ၆ ဘီလျံကျော် လုပ်ငန်းကန်ထရိုက်ရရှိ ထားသည်။ ***အင်တာနက်။***

အီရတ်စစ်ပွဲ၏ နောက်ဆက်တွဲ ဖြစ်ရပ်များ အမေရိကန်နှင့် ဗြိတိန်အစိုးရအပေါ် ပြည်သူ ယုံကြည်မှုလျော့ပါး

ဘာစီလိုနာ မတ် ၉

အီရတ်စစ်မဖြစ်မီ အခြေအနေမှာ မလိုလားအပ်သူကို ဖယ်ရှားသုတ်သင်ရေးနှင့် အလားသဏ္ဌာန်တူကြောင်းဖြင့် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းဘလစ်က အင်္ဂါနေ့တွင် နှိုင်းယှဉ်ပြောကြားလိုက်ပြီး၊ နောက်ပိုင်း လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ ရှာမတွေ့ခြင်းမှာ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့အပေါ် ပြည်သူ့ယုံကြည်မှု လျော့နည်းသွားစေမည်ဟု စောဒကတက်လိုက်သည်။

အမေရိကန်နှင့် အခြားနိုင်ငံများ၏ အီရတ်နိုင်ငံဆိုင်ရာ ထောက်လှမ်းရေးသတင်း အချက်အလက်များမှာ ပုံကြီးချဲ့ထားခြင်းဖြစ်ကြောင်း ဟန်းဘလစ်က ပြောကြားလိုက်သည့်ပြင်၊ နိုင်ငံရေးသမားများအနေဖြင့် ပိုမိုအရေးပါသည့် မေးခွန်းများမေးမြန်းပြီး စိစစ်သင့်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

ရည်ညွှန်းပြောကြား

သူတို့သည် အမြင်များ တိမ်းစောင်းကုန်ကြကြောင်းဖြင့် အမေရိကန်သမ္မတဘုရှ်၊ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲနှင့်တကွ အီရတ်စစ်ပွဲကို ထောက်ခံသူများအား ဟန်းဘလစ်က ရည်ညွှန်းပြောကြားလိုက်သည်။

ယင်း၏ နောက်ဆက်တွဲဖြစ်ရပ်မှာ နိုင်ငံရေးပြဿနာများဖြစ်ပြီး၊ ယခုအခါတွင် ပြည်သူတို့က ၎င်းတို့အပေါ် အယုံအကြည်များ လျော့ပါးလာကြောင်း ဟန်းဘလစ်က ဝေဖန်ပြောကြားလိုက်သည်။ ***အင်တာနက်။***

ဖွေဆော်ဦးဂိုးသွင်းယူ

မိုနာကိုမြို့တွင် ကျင်းပသည့် ချန်ပီယံလိဂ်ဒုတိယအကျော့ပြိုင်ပွဲတွင် အေအက်စ်မိုနာကိုအသင်းမှ ဒါဒိုပရာဆို(ယာ)က လိုကိုမိုတစ်မော်စကို အသင်းဂိုးသမားကိုကျော်၍ ဖွေဆော်ဦးဂိုးကို သွင်းယူနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် နိုင်ငံသားနှစ်ဦး အပါအဝင် အရပ်သားသုံးဦး အီရတ်အလယ်ပိုင်းတွင် အသတ်ခံရဟု ပြောကြား

ဟီလာ(အီရတ်) မတ် ၁၀

အမေရိကန်နိုင်ငံသားနှစ်ဦး အပါအဝင် အရပ်သားသုံးဦးသည် အီရတ်နိုင်ငံအလယ်ပိုင်းဒေသတွင် ပစ်သတ်ခံရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ၎င်းတို့အား ရဲတပ်ဖွဲ့ဝင်ဝတ်စုံများကို ဝတ်ဆင်ထားသူများက ပစ်ခတ်တိုက်ခိုက်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များသဏ္ဌာန် ရုပ်ဖျက်ထားသော တိုက်ခိုက်ရေးသမားများက အပေါင်းပါ ယာယီအာဏာပိုင်အဖွဲ့(စီပီအေ)မှ အမေရိကန်နိုင်ငံသား အမျိုးသားတစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် ၎င်းတို့၏ စကားပြန်တစ်ဦးတို့ကို အင်္ဂါနေ့ညနေက သတ်ဖြတ်ခြင်း ကိစ္စကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်းဖြင့် ရဲတပ်ဖွဲ့မှ ဝါရင့်တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်နှစ်ဦးသည်အီရတ်နိုင်ငံတွင် လူသတ်သမားများ၏လက်ချက်ဖြင့် တတိယမြောက် သေဆုံးသည့် စီပီအေဝန်ထမ်းများဖြစ်သည်။

ကားတွင်းတွင် လက်နက်နှင့် ငွေများထားသော်လည်း ပစ္စည်းတစ်စုံတစ်ရာယူဆောင်သွားခြင်း မရှိသောကြောင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းသာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသားများစီးလာသည့် ကားကို လေးဘက်လေးတန်မှ သေနတ်ဖြင့် ပစ်ခတ်ထားကြောင်းဖြင့် ဟီလာရဲတပ်ဖွဲ့မှ ရဲအကြီးအကဲ ဟမ်ဆာအဘတ်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဌာနက ဦးဆောင်၍ စုံစမ်းစစ်ဆေးမှုစတင်ရန် ညွှန်ကြားထားကြောင်း အပေါင်းပါတပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

ကျူးကျော်စစ်ပွဲကြောင့် အပြစ်မဲ့အီရတ်ပြည်သူများ သေဆုံးခဲ့ရမှု

အမေရိကန် ဦးဆောင်သော အီရတ်ကျူးကျော်စစ်ပွဲကြောင့် အီရတ်ပြည်သူများမှာ ဒုက္ခသုက္ခများနှင့်ရင်ဆိုင်နေကြရသည်။ နိုင်ငံလုံခြုံရေးကို ဆောင်ရွက်မည့် တပ်မတော်မှာလည်း အချုပ်အခြာအာဏာနှင့်အတူ ဆုံးရှုံးပျက်စီးခဲ့ပြီဖြစ်၍ အီရတ်ပြည်သူများမှာ အကာအကွယ်မဲ့ အခြေအနေတွင် အသက်အိုးအိမ် ဆုံးရှုံးမှုများကို နေ့စဉ် တွေ့ကြုံခံစားနေရသည်။

ဖေဖော်ဝါရီ ၁၈ရက်က အီရတ်နိုင်ငံ ဟီလာမြို့ရှိ ပိုလန်စစ်အခြေစိုက်စခန်းပြင်ပတွင် ကားဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ကလေးများကို ယင်းမြို့ရှိဆေးရုံတွင် တွေ့မြင်ရစဉ်။

ဖေဖော်ဝါရီ ၁၈ရက်က ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် နေအိမ်အဆောက်အအုံများ ပျက်စီးနေပုံကို တွေ့ရစဉ်။

ဖေဖော်ဝါရီ ၂၈ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ ရှီဟင်းဟိုတယ်ပြင်ပတွင် ဗုံးပေါက်ကွဲမှုကြောင့် အရပ်ဘက်သုံး မော်တော်ကားများ ပျက်စီးနေသည်ကို တွေ့ရစဉ်။

အီရတ်စစ်ပွဲကြောင့် ၂၀၀၄ ခုနှစ် မတ်လအထိ အီရတ်ပြည်သူများ သေဆုံးရမှုစာရင်း

စဉ်	အကြောင်းအရာ	သေဆုံးမှု
၁။	အီရတ်စစ်ဘက်	၁၀၀၀၀ခန့်
၂။	အရပ်သူ အရပ်သားများ	၁၀၀၉၃
	စုစုပေါင်း	၂၀၀၉၃

ဖေဖော်ဝါရီ၁၉ရက်က အီရတ် နိုင်ငံ ဆာမာဝါမြို့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနိုင်ရန် သားငယ်ဖြစ်သူကို ပွေ့ချီလာသည့် အီရတ်နိုင်ငံသား တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို တာဝန်ခံသယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

အရှည် ၁၀၁ ဒသမ ၄၇မိုင်ရှိ ရေး–ထားဝယ်ရထားလမ်းကို တပ်မတော်သားများ၏ လုပ်အားဖြင့် ၁၉၉၄ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖောက်လုပ်ခဲ့ရာ ရေး–ပေါက်ပင်ကွင်း လမ်းပိုင်းကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကလည်းကောင်း၊ ပေါက်ပင်ကွင်း–ထားဝယ် လမ်းပိုင်းကို ထားဝယ်တပ်နယ်ကလည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပြီး (၅၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၆–၃–၁၉၉၈ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ရေး–ထားဝယ် ရထားလမ်း ဖောက်လုပ်ရာတွင် တပ်မတော်သားများပါဝင်ဆောင်ရွက်ခဲ့ကြစဉ်(အပေါ်ပုံ)နှင့် ရေး–ထားဝယ် ရထားလမ်းဖွင့်ပွဲတွင် အထူးရထား ခုတ်မောင်းလာရာ ရေဖြူဘူတာမှ ပြည်သူလူထုက အတီး အမှုတ် အကအခုန်များဖြင့် ကြိုဆိုခဲ့ကြစဉ်။(အောက်ပုံ)

(၅၉)နှစ်မြောက်တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ရေး–ထားဝယ်ရထားလမ်းအကြောင်းပြမြေပုံ



တပ်မတော်သားများ၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့သော နိုင်ငံတစ်ဝန်း တည်ဆောက်ပြီး ရထားလမ်းများ

စဉ်	မီးရထားလမ်းအမည်	ရထားလမ်းမိုင်
၁။	ချောင်းဦး–ပခုက္ကူ	၂၇၇.၃၄
၂။	ရွှေညောင်–ရပ်စောက်	၃၇.၅၀
၃။	အောင်ပန်း–လွိုင်ကော်	၁၀၁.၉၂
၄။	ရွှေညောင်–နမ့်ဆန်	၁၆၅
၅။	ရေး–ထားဝယ်	၁၀၁.၄၇
၆။	ပြည်–အောင်လံ–တောင်တွင်းကြီး	၉၀.၃၅

ရေး–ထားဝယ် ရထား လမ်း သစ် ဖွင့်ပွဲကို ၁၉၉၈ခုနှစ် မတ် ၂၆ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း ထားဝယ်မြို့ ထားဝယ် ဘူတာရုံ အနီး၌ ဤသို့ ကျင်းပခဲ့သည်။



ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

နုနယ်လှသော လွတ်လပ်ရေးသက်တမ်းနှင့်မမျှသည့် မုန်တိုင်းခရီးကြမ်းကို တပ်မတော်သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ဖြင့် ဖြတ်သန်းခဲ့ရသည်မှာ တစ်နည်းအားဖြင့် စစ်ရေးအတွေ့အကြုံနှင့် တိုက်ခိုက်ရေးစွမ်းရည်တို့ကို ပိုမိုရင့်ကျက်မြင့်မားစေသကဲ့သို့ ပြည်သူနှင့် တပ်မတော်၏ ကျစ်လျစ်သိပ်သည်းသော စည်းလုံးညီညွတ်မှုမှတ်တိုင်အား ခိုင်မာစေခဲ့သည်။

လွတ်လပ်ရေးရပြီး သက်တမ်းသုံးလအတွင်း ၁၉၄၈ခုနှစ် မတ်လ ၂၈ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ် ပါတီသည် "လွတ်လပ်ရေးအတုဖြစ်သည်"ဟူသော အကြောင်းပြချက်ဖြင့် လက်နက်ကိုင် တောခိုခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှု စတင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ပြည်သူ့ရဲဘော်(ရဲဘော်ဖြူ)များနှင့် တိုင်းရင်းသား အဖွဲ့အစည်း အချို့သည်လည်း လက်နက်ကိုင်လမ်းစဉ်ဖြင့် ပြည်တွင်းသောင်းကျန်းမှုကို နိုင်ငံနှင့်အဝန်း ကျယ်ပြန့်လာစေခဲ့သည်။

ယင်းအခြေအနေကို အာဏာရ ဖဆပလအစိုးရသည် ဖြေရှင်းနိုင်စွမ်း မရှိတော့ပေ။ နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းကို ရင်ဆိုင်လာရသည်။ တပ်မတော်ခေါင်းဆောင်များမှတစ်ဆင့် ဗကပ၊ ပြည်သူ့ရဲဘော်(ရဲဘော်ဖြူ)အပါအဝင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား၊ ငြိမ်းချမ်းရေးရယူရန် ကမ်းလှမ်းဆက်သွယ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ထို့ကြောင့်ပင် အာဏာရဖဆပလအစိုးရအဖွဲ့ဝင် ဆိုရှယ်လစ်ပါတီမှ ဝန်ကြီးများအားလုံး နုတ်ထွက်ခဲ့သည်။ တပ်မတော်ကို ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး တာဝန်များပေးအပ်ပြီး ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးတို့ကို ဆောင်ရွက်စေခဲ့သည်။ **တပ်မတော်သည် ၁၉၄၈-၄၉-၅၀ခုနှစ်ကာလများတွင် နိုင်ငံနှင့်အဝန်းလောင်ကျွမ်းနေသော ပြည်တွင်းဆူပူသောင်းကျန်းမှု မီးတောက်မီးလျှံကို ငြိမ်းသတ်ခဲ့ရသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ခဲ့ရသည်။ အားကိုးရာမဲ့နေသော ပြည်သူတို့၏ဘဝကို တည်ငြိမ်အေးချမ်းစေခဲ့သည်။ တည်ငြိမ်အေးချမ်းသော အခြေအနေရရှိစေရန် တပ်မတော်သည် စွမ်းအားရှိသမျှ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည်။ ပြည်သူတို့သည် တပ်မတော်၏ စေတနာ၊မေတ္တာကို ယုံကြည်ကိုးစားစွာဖြင့် ရင်နှစ်သည်းချာ သားရတနာများအဖြစ် သတ်မှတ်ခံယူကြသည်။**

ဤသို့လျှင် ပြည်သူနှင့်တပ်မတော်၏ ချစ်ခင်ရင်းနှီးပေါင်းစည်းခြင်း အကျိုးဆက်အဖြစ် ၁၉၅၀ပြည့်နှစ်တွင် နိုင်ငံအဝန်းမှ သောင်းကျန်းသူများ စိုးမိုးနေသော မြို့ကြီးများနှင့်နယ်မြေများကို တပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ မြို့ပြ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ရာဇဝတ်မှု နှိမ်နင်းရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သည်။ အခြေအနေအရပ်ရပ်သည် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသော လူမှုဝန်းကျင်အဖြစ် တည်ငြိမ်လာခဲ့ပြီဖြစ်သည်။

ယင်းနောက် တပ်မတော်သည် ပေးအပ်သော တာဝန်ပြီးဆုံးပြီဖြစ်၍ အစိုးရအဖွဲ့တာဝန်များအား ၁၉၅၀ပြည့်နှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ်ထံ ပြန်လည်အပ်နှံပြီး တပ်မတော်၏ မူလတာဝန်များဖြစ်သော နိုင်ငံကာကွယ်ရေး၊ လုံခြုံရေးလုပ်ငန်းများကို အာရုံစူးစိုက်ဆောင်ရွက်ခဲ့သည်။ ၁၉၄၈-၄၉-၅၀ခုနှစ်အတွင်း ပြည်တွင်းသောင်းကျန်းမှုကို နှိမ်နင်းတိုက်ခိုက်ရာတွင် တွေ့ကြုံရသော အခြေအနေအရပ်ရပ်အရ အားနည်းချက်များကို တပ်ရင်း၊တပ်ဖွဲ့များ ဖွဲ့စည်းပုံကို စနစ်တကျ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စု သားအချင်းချင်းရင်းနှီးစည်းလုံးစေသော တပ်ရင်း၊တပ်ဖွဲ့များအဖြစ် ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့ရသည်။ ဤသည်မှာ တပ်မတော်၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ထင်ဟပ်စေသည့် ရပ်တည်ချက်ပင်ဖြစ်သည်။

တပ်မတော်သည် အမျိုးသားနိုင်ငံရေး အဖွဲ့အစည်းဖြစ်သည်နှင့်အညီ အမျိုးသားရေး တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ခြင်းမှတစ်ပါး၊ အာဏာကို မက်မောခြင်း၊ ယစ်မူးခြင်းမရှိဘဲ၊ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာရှိသော တပ်မတော်ဖြစ်ကြောင်း သမိုင်းတွင် အထင်အရှားသိရှိခဲ့ကြပြီးဖြစ်သည်။

ယင်းအပြင် တိုးချဲ့ဖွဲ့စည်းသောတပ်ရင်းအသီးသီးကို စစ်ဆင်ရေးတွင် ဗျူဟာမြောက်ကွပ်ကဲနိုင်ရန် ခြေမြန်တပ်မဟာဌာနချုပ်များကိုလည်း တောင်ငူ၊ ပဲခူး၊ ကျိုင်းတုံ၊ မော်လမြိုင်၊ မန္တလေး၊ ပုသိမ်မြို့များတွင် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ဤသည်မှာ တပ်မတော်အင်အားတောင့်တင်းကြံ့ခိုင်မှသာလျှင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်သကဲ့သို့ ပြည်တွင်း၊ ပြည်ပ အန္တရာယ်ကာကွယ်ရေးအတွက် အဆုံးအဖြတ်လည်း ပေးနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟူသော ယုံကြည်ချက်သည် တပ်မတော် ခေါင်းဆောင်အဆက်ဆက်၏ ယုံကြည်ချက်ပင်ဖြစ်သည်။

စစ်၏ အနိဋ္ဌာရုံများ၊ ပျက်စီးဆုံးရှုံးမှုများ၊ သေကျေထိခိုက်ဒဏ်ရာရမှုများဖြင့် လွှမ်းခြုံထားသော စစ်၏ခါးသီးသောအတွေ့အကြုံအား တပ်မတော်လောက် လက်တွေ့ခံစား ထိတွေ့ခဲ့ရသူမရှိပေ။ တပ်မတော်၏ မူလဗီဇ သန္ဓေ သည်ပင်လျှင် နိုင်ငံလွတ်လပ်ရေးအတွက်၊ အချုပ်အခြာအာဏာပိုင် နိုင်ငံထူထောင်ရေးအတွက် ကာကွယ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သကဲ့သို့ လွတ်လပ်ရေးရရှိပြီးနောက် ခေတ်အဆက်ဆက်တွင်လည်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်တွင်း၊ပြည်ပ အန္တရာယ်များကို အသက်၊သွေး၊ချွေးများစွာ ပေးဆပ်စွန့်လွှတ်ပြီး ကာကွယ်ရန်၊ စစ်ရေးဆိုင်ရာ လိုအပ်ချက်အဝဝကို အမြဲတစေ ဖြည့်တင်းလေ့ကျင့်နေခြင်း ဖြစ်သည်။ တပ်မတော်သည် တည်ဆဲအစိုးရအဆက်ဆက်၏ ပေးအပ် သမ္မတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပေသည်။

မည်သို့ဆိုစေ တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတိုင်းတွင် သမိုင်းက ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်မှာ အမှန်ဖြစ်သည်။ ပြည်တွင်းအန္တရာယ်များကို ဖယ်ရှားခဲ့ပြီးနောက် ၁၉၅၁ခုနှစ်တွင် ကျိုင်းတုံဒေသသို့ ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူများအား ဖရော့စ်၊ မော်၊ ပန်လုံစစ်ဆင်ရေးများဖြင့် ချေမှုန်းခဲ့ပြီး ၁၉၅၂ခုနှစ်တွင် ကြူကုတ်၊ မုန်းယု၊ ကျိုင်းတုံဒေသများအတွင်း ဝင်ရောက်နေသော တရုတ်ဖြူကျူးကျော်သူများအား မိုးကြိုးစစ်ဆင်ရေးဖြင့် တိုက်ခိုက် မောင်းထုတ်ခဲ့ရသည်။ ပြည်တွင်းသောင်းကျန်းသူများအား ဇော်ဝင်းစိန်၊ လောက်ဆောက်၊ စီးပလိန်၊ ရွှေလင်းယုန်၊ ဝင်းကျော်၊ မိုးထိ၊ရန်ရှင်း၊ မော်တင်၊ ထောဂေါ၊ တာဝန်၊ ယုဇန၊ အောင်မြေ၊ နှင်းဆီ၊ ဒေါနှ၊ ရွှေဟင်္သာ၊ သာယာရွှေပြည်၊ ဇေယျစသော စစ်ဆင်ရေးများဖြင့် ရှင်းလင်းချေမှုန်းခဲ့သည်။

အလားတူပင် မြန်မာနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်လာပြီး ဒေသခံတိုင်းရင်းသားများအား နှိပ်စက်ညှဉ်းပန်းနေသော တရုတ်ဖြူတပ်များအား ၁၉၅၂ခုနှစ် စက်တင်ဘာလမှစ၍ ဘုရင့်နောင်၊ဘွန်မရှားစစ်ဆင်ရေးကြီးများဖြင့် ချေမှုန်းမောင်းထုတ်ခဲ့ပြီး ရခိုင်ပြည်နယ် မောင်တောနယ်တစ်ဝိုက်တွင် ထကြွလာသည့် မူဂျာဟစ်များကို မေယုအောင်စစ်ဆင်ရေးဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့သည်။ ၁၉၅၄-၅၅ ခုနှစ်များတွင် တပ်မတော်သည် ပြည်ပကျူးကျော်သူ တရုတ်ဖြူတပ်များကို အလုံးအရင်းဖြင့် ချေမှုန်းတိုက်ခိုက်နေစဉ်မှာပင် သခွပ်ပင်ကမီးတကျီကျီဆိုသကဲ့သို့ ပခုက္ကူခရိုင်အတွင်း အလံဖြူကွန်မြူနစ်ပါတီ (ဗကပ)၊ အလံနီကွန်မြူနစ်ပါတီ တစခန်းထလာသဖြင့် ၁၉၅၆ခုနှစ် ဇန်နဝါရီလဆန်းမှစ၍ တပ်မတော်သည် အောင်မာဃ စစ်ဆင်ရေးဖြင့် ချေမှုန်းရှင်းလင်းခဲ့သည်။

အင်းစိန်တိုက်ပွဲ၌ မြန်မာ့တပ်မတော်သားများ မြေပြင်အခြေအနေ လေ့လာနေသည်ကို တွေ့ရစဉ်။

(၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

၁၉၄၉ ခုနှစ် သထုံတိုက်ပွဲတွင် မြန်မာ့တပ်မတော်သားများ တိုက်ပွဲဝင်နေသည့် မြင်ကွင်းကိုတွေ့ရစဉ်။

သမိုင်းပေးတာဝန် ကျေပွန်သောတပ်မတော်

ဤသည်တို့မှာ ပြည်တွင်း၊ပြည်ပအန္တရာယ်ကို ဖယ်ရှား ရှင်းလင်းခဲ့သည့် စစ်ရေးစွမ်းရည်များဖြစ်သကဲ့သို့ နိုင်ငံနှင့် လူမျိုးအတွက် မည်မျှခက်ခဲကြမ်းတမ်းသော စစ်ရေးအကျပ်အတည်းများကို ရင်ဆိုင်ရစေကာမူ ပြတ်သားခိုင်မာသော သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်သည်ကို ထင်ဟပ်စေခြင်းဖြစ်သည်။ တပ်မတော်၏ ရဲဘော်စိတ်ထားရှိမှု၊ စွန့်လွှတ်စွန့်စားမှုတို့သည်

၁၉၅၂ ခုနှစ်တွင် ကြူကုတ်၊ မုန်းယု၊ ကျိုင်းတုံဒေသများအတွင်း ကျူးကျော်ဝင်ရောက်နေသော တရုတ်ဖြူများအား တိုက်ခိုက်မောင်းထုတ်ခဲ့သည့် မိုးကြိုးစစ်ဆင်ရေးမြင်ကွင်းတစ်နေရာ။

မည်သည့်အန္တရာယ်ကိုမဆို ကျော်လွှားဖြတ်သန်းပြီး အောင်ပွဲကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ တပ်မတော်က ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ကာကွယ်ချေမှုန်းနေသောကာလတွင် အာဏာရ ဖဆပလအစိုးရအတွင်း အုပ်စုပဋိပက္ခများ ဖြစ်ပေါ်လာပြီး နှစ်ခြမ်းကွဲသွားခဲ့သည်။

ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲခြင်းဖြင့်လည်းကောင်း၊ အာဏာရနိုင်ငံရေးပါတီတစ်ရပ် ပြိုကွဲခြင်းဖြင့်လည်းကောင်း၊ တည်ဆဲအစိုးရ၏ အားနည်းချက်ကြောင့်လည်းကောင်း နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းမှု မရှိတော့ပေ။ အာဏာအတွက် တုတ်တစ်ပြက် ဓားတစ်ပြက် ပဋိပက္ခဖြစ်နေသော နိုင်ငံရေးပါတီများ၊ လူတန်းစားအဖွဲ့အစည်းများကြားတွင် ပြည်သူများမှာ လုံဖျား ပုစဉ်းနားသကဲ့သို့ ကျီးလန့်စာစား ဖြစ်နေခဲ့ရသည်။

ယင်းအခြေအနေများအရ သန့်ရှင်းဖဆပလ အစိုးရသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို မဆောင်ရွက်နိုင်သဖြင့် တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲကိုလည်း တာဝန်ယူကျင်းပနိုင်ခြင်းမရှိ ဖြစ်နေခဲ့သည်။ ထို့ကြောင့်ပင် ၁၉၅၈ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ဝန်ကြီးချုပ်တင်မြှောက်ပြီး အိမ်စောင့်အစိုးရ ဖွဲ့စည်းဆောင်ရွက်ပေးရန် အကူအညီ တောင်းခံခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ခေါင်းဆောင်သော အိမ်စောင့် အစိုးရဖွဲ့စည်း၍ နိုင်ငံတော်ကို တာဝန်ယူ စောင့်ရှောက်ခဲ့ရသည်။ မြို့ပြအုပ်ချုပ်ရေး၊ စီးပွားရေးလုပ်ငန်းများအား စနစ်တကျ တည်ငြိမ်ရန် ဆောင်ရွက်ခဲ့သည်။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မညီညွတ်သော

ကြယ်ဖြူ

ကာကွယ်ရေးအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအလိုက် ဖွဲ့စည်းထားသော လက်နက်ကိုင် လုံခြုံရေးအဖွဲ့ အစည်းများကိုဖျက်သိမ်းပြီး ရဲနှင့် စစ်ရဲတပ်များအဖြစ်သို့ စနစ်တကျ ပြောင်းရွှေ့တာဝန်ပေးဖွဲ့စည်းခဲ့သည်။

တပ်မတော်ခေါင်းဆောင်သောအိမ်စောင့်အစိုးရ သည် ၁၉၅၈ခုနှစ် နိုဝင်ဘာလအတွင်း လက်နက်ကိုင်သောင်းကျန်းသူ ၉၀၀၀ခန့်နှင့် အားပေးကူညီသော အဖွဲ့အစည်းအင်အားအပါအဝင် စုစုပေါင်း အင်အား ၁၅၀၀၀ခန့်ကို ရင်ဆိုင်ခဲ့ရသည်။ သောင်းကျန်းသူများအား နယ်မြေအလိုက် စစ်ဆင်ရေးကြီးများဖြင့် ချေမှုန်းခဲ့ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (ယခု အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်) ဖြစ်သော မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်းခရိုင်များရှိ အလံဖြူကွန်မြူနစ်ပါတီ (ဗကပ)၊ အလံနီကွန်မြူနစ် ပါတီများအား တိုက်ပွဲပေါင်း ၅၁ကြိမ် တိုက်ခိုက်ခဲ့ရပြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုခရိုင်များရှိ အလံဖြူ ကွန်မြူနစ်ပါတီ (ဗကပ)နှင့် အလံနီကွန်မြူနစ်ပါတီ တို့ကို တိုက်ပွဲပေါင်း ၈၀ကျော်ဖြင့် ချေမှုန်းခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ကယားပြည်နယ် မော်ချီးဒေသများတွင် အလံဖြူကွန်မြူနစ် ပါတီ၊ တရုတ်ဖြူနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့ကို တိုက်ပွဲပေါင်း ၇၁ကြိမ်ဖြင့် နှိမ်နင်းရှင်းလင်းခဲ့ရသည်။

ထို့နည်းတူစွာ ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်ဒေသများရှိ အလံဖြူ (ဗကပ)၊အလံနီကွန်မြူနစ်ပါတီ၊ တရုတ်ဖြူ ကျူးကျော်ရေးတပ်များကို တိုက်ပွဲပေါင်း ၉၅ကြိမ်တိုက်ခိုက်၍ နယ်မြေ လုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို ဆောင်ရွက်ခဲ့သည်။ မြစ်ကြီးနား၊ ကသာ၊ ဗန်းမော်ခရိုင်များ အပါအဝင် ကချင်ပြည်နယ်တွင် တိုက်ပွဲပေါင်း ၇၁ကြိမ်ကိုလည်းကောင်း၊ ကျိုင်းတုံဒေသနှင့် သံလွင်မြစ်အရှေ့ဘက်ကမ်း ဒေသတို့တွင် တိုက်ပွဲပေါင်း ၈၁ကြိမ်ကိုလည်းကောင်း၊ ပခုက္ကူ၊ မြင်းခြံ၊ မကွေး၊ မင်းဘူးခရိုင်များတွင် တိုက်ပွဲပေါင်း ၁၄၅ ကြိမ်ကိုလည်းကောင်း၊ ကရင်ပြည်နယ်၊ ဖာပွန်၊ ဘားအံ၊ သထုံခရိုင်များတွင် တိုက်ပွဲပေါင်း ၃၈၆ကြိမ်ကိုလည်းကောင်း၊ တောင်ငူခရိုင် ကရင်ပြည်နယ် သံတောင်ဒေသများတွင် တိုက်ပွဲပေါင်း ၃၁၇ကြိမ်ကိုလည်းကောင်း၊ မြိတ်၊ ထားဝယ်၊ ကျိုက္ခမိခရိုင်နှင့် ကော့ကရိတ်ဒေသများတွင် တိုက်ပွဲပေါင်း အကြိမ် ၂၈၀ကိုလည်းကောင်း၊ ဟင်္သာတ၊ ပုသိမ်၊ မြောင်းမြဒေသများတွင် တိုက်ပွဲပေါင်း ၄၅၃ကြိမ်ကိုလည်းကောင်း ဆင်နွှဲခဲ့ပြီး ပြည်တွင်း ပြည်ပ အန္တရာယ်များအား တားဆီးချေမှုန်းခဲ့ရသည်။

ယင်းတိုက်ပွဲကြီးများကြောင့် ပြည်တွင်းသောင်းကျန်းသူ အင်အားများသည် လက်နက်ချ၍လည်းကောင်း၊ ငြိမ်းချမ်းရေးရယူ၍လည်းကောင်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသကဲ့သို့ ပြည်ပကျူးကျော်သူ တရုတ်ဖြူများသည်လည်း တစ်ဖက်နိုင်ငံမှတစ်ဆင့် ဖော်မိုဆာသို့ ဆုတ်ခွာထွက်ပြေးခဲ့ကြသည်။

ဤသို့လျှင် တပ်မတော်သည် စိတ်ဓာတ်အရ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ကို စွဲမြဲစွာခံယူပြီး သံမဏိကဲ့သို့ မာကျောတောင့်တင်း ကြံ့ခိုင်သည့် စည်းကမ်းထိန်းသိမ်းမှု၊ အသက်ကဲ့သို့ နိုင်ငံတော်ကို သစ္စာကြီးစွာ ထိန်းသိမ်းစောင့်ရှောက်မှု၊ ကျစ်လျစ်သိပ်သည်းသော တပ်တွင်းစည်းလုံးမှု၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးရေးဟူသော စွမ်းရည်သုံးရပ် ပြည့်စုံမှုစသော ရဲဘော်စစ်သည်တိုင်း ရှိရမည့် အခြေခံအရည်အချင်း (၅)ရပ်တို့ဖြင့် နိုင်ငံတော်နှင့် လူမျိုးအတွက် ကိုယ်ကျိုးမဖက်ဘဲ ပြည်တွင်း ပြည်ပ အန္တရာယ်များအား အောင်မြင်စွာ ဖယ်ရှားချေမှုန်း နှိမ်နင်းနိုင်ခဲ့သည်။

တပ်မတော်သည် ပြည်တွင်းပြည်ပ အန္တရာယ်များကို ပြတ်သားစွာ ဖယ်ရှားချေမှုန်းသကဲ့သို့ တပ်မတော် အိမ်စောင့်အစိုးရသည် ၁၉၆၀ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် သန့်ရှင်းဖဆပလ (ပထစ) အဖွဲ့သို့ နိုင်ငံတော်အာဏာ လွှဲပြောင်း ပေးခြင်းဖြင့် တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းမှပေးအပ်သော သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းများကြားမှ တည်ငြိမ်အေးချမ်းသောနိုင်ငံတော်၏ လူမှုဘဝကို ကာကွယ်စောင့်ရှောက် တည်ဆောက်ပေးခဲ့သည်မှာ မည်သို့သော ကာလတွင်မျှ ဖျောက်ဖျက်ဖုံးဖိ၍မရနိုင်သည့် သမိုင်း၏ ယုတ္တိဗေဒပင် ဖြစ်ပါသည်။

ချုပ်၍ဆိုရလျှင် **နုနယ်လှသော နိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းကာလနှင့် မမျှတစွာပြင်းထန်ကြမ်းတမ်းသော ပြည်တွင်းပြည်ပ အန္တရာယ်များ ထူပြောလှသည့် မုန်တိုင်းခရီးကြမ်းကိုဖြတ်သန်းခဲ့သော တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့၏ လေးစားယုံကြည်မှု၊ အားကိုးမှု၊ ရင်းနှီးမှု ဟူသော တပ်နှင့်ပြည်သူ ကြည်ဖြူစွာ ပေါင်းစည်းညီညွတ်ခြင်း၊ သမိုင်းကပေးအပ်သော အမျိုးသားရေး တာဝန်ကို ရဲရင့်ပြတ်သားစွာ ထမ်းဆောင်ခဲ့သည်ဟု ဆိုလိုက်ပါသည်။** ■



သိမ်းပိုက်

ကျူးကျော်သူ တရုတ်ဖြူ တို့၏ ကျိုင်းတုံခရိုင် ဝမ်ကား သစ်ခိုးထုတ်ရေးစခန်း အား တပ်မတော် စစ်ကြောင်းက ဤသို့ သိမ်းပိုက်ခဲ့သည်။

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နိုင်ငံတော်အကြီးအကဲက အပူပိုင်းဒေသကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိရန်လမ်းညွှန်ခဲ့ ယင်းလမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်၏အင်အား၊ အလှူရှင်များ၏အင်အားဖြင့် ရေတွင်း ၁၁၆၉တွင်း တူးဖော်ပြီးဖြစ် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းသည် အလှူဒါနတစ်ခုသာမက ပြည်သူ့အကျိုးပြုလုပ်ငန်းလည်းဖြစ်

ရန်ကုန် မတ် ၁၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမဥ္ဇကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယကအဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်စံယုံ၊ အသင်းဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး Mrs. Poh Choo de Cruz၊ အသင်းအမှုဆောင်ကော်မတီဝင် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Mme. Phoebe A. Gomez၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

၁၀နှစ်စီမံကိန်း

အခမ်းအနားတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ရှင်းလင်းတင်ပြရာ၌ ၁၉၉၉ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ကြောင်း၊ စီမံကိန်းကာလ၏ ပထမနှစ်ဖြစ်သော ၂၀၀၀-၂၀၀၁ခုနှစ် ဘဏ္ဍာရေးနှစ်မှ ယခုအချိန်အထိ ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ၈၀၄၂ရွာအနက် ၄၇၈၃ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ရာ ရေရရှိရေးလုပ်ငန်းများ ၆၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

စေတနာရှင်များက ပူးပေါင်းပါဝင်လာသဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ အရှိန်အဟုန်ရလာပြီဖြစ်ကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များကလည်း ကျေးလက်ရေပေးရေးလုပ်ငန်းများတွင် ကူညီမှုများပေးလျက်ရှိရာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ Japan International Cooperation Agency (JICA)က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စက်ရေတွင်းပေါင်း ၂၅၀ကို ငါးနှစ်စီမံကိန်းဖြင့် တူးဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအချိန်ထိ စက်ရေတွင်းပေါင်း ၉၁တွင်းတူးဖော်ပြီးစီးပြီးဖြစ်ကြောင်း၊ အပူပိုင်းဒေသ သောက်သုံးရေရရှိရေးပင်မစီမံကိန်းကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြို့နယ်၁၁မြို့နယ်တွင် တွင်းနက်အစမ်းတွင်း ၂၂တွင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ Bridge Asia Japan (BAJ)က ပုဂံညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း လေးလက်မနှင့် ခြောက်လက်မ တွင်းနက် ၄၈တွင်းကို ၂၀၀၁-၂၀၀၂မှ စတင်တူးဖော်ပေးခဲ့ကြောင်း။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ကလည်း အပူပိုင်းဒေသကျေးလက်ရေရရှိရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၁-၂၀၀၂ခုနှစ်မှ ယခုအချိန်အထိ အပူပိုင်းဒေသတိုင်းသုံးတိုင်းအတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၃၉၀ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီတို့ကလည်း ကျေးလက်ရေပေးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ စည်ပင်သာယာရေးဘဏ်လီမိတက်က ငွေကျပ်သိန်း ၄၀၀၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေး သားသမီးမြေးမိသားစုက ငွေကျပ် ၂၅သိန်း၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ငွေကျပ် ၃၅သိန်း၊ Miss. YVE Callebaut President Support Fund Myanmar Belgium က FEC ၁၀၀၀၀ နှင့် ဦးလင်းဝင်း-ဒေါ်ရီရီစိန်တို့က ငွေကျပ် ၃၅သိန်းတို့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံထံ သီဟသုခမ္မသီရိ ဒေါ်တင်မြိုင်က ငွေကျပ်သိန်း ၃၀၊ Nihon Sogyo Co., Ltd and Silver Wave Trading Ltd. က ငွေကျပ်သိန်း ၃၀၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအသင်းက ငွေကျပ် ၂၅သိန်း၊ အမေရိကန်ဒေါ်လာ ၃၄၆၈နှင့် ယူရို ၂၇၀၊ ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း)-ဒေါ်ဌေးဌေး သားသမီးမြေးတစ်စုက ငွေကျပ် ၁၄သိန်း၊ အောင်ချမ်းသာမိသားစု TV, Video, Audio ရောင်းဝယ်ရေးက ငွေကျပ် ၁၀သိန်း၊ Mr. Daniel, Lynda and Valerie LIU တို့က ငွေကျပ် ၁၀သိန်း၊ ဦးကျော်စိန် (သံတံခါး၊ သံပန်း၊ သံထည်လုပ်ငန်း)-ဒေါ်ခင်အေး တို့က ငွေကျပ် ၁၀သိန်း၊ ဦးမြင့်သိန်း(၁၅) အကြီးတန်းအကောက်မှူး(ငြိမ်း)၊ ဒေါ်သီသီခိုင်နှင့် မိသားစုတို့က ငွေကျပ် ၁၀သိန်း၊ ဒေါ်ကျင်မြနှင့် သားသမီးမြေးတစ်စုက ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စိန်ထွားထံ ဦးမြင့်ဟန် ရွှေနန်းသစ်ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ကွယ်လွန်သူ ဖခင် ဒေါက်တာဦးမောင်ကလေးနှင့် မိခင် ဒေါ်စောတို့အားရည်စူး၍ ဒေါက်တာဒေါ်ခင်ခင်နီ မိသားစုနှင့် ဒေါက်တာ ဒေါ်ခင်ခင်ဖြူတို့က ငွေကျပ်ရှစ်သိန်း၊ မလှိုင်မြို့ မြို့မရပ် ဦးဘစိန်-ဒေါ်တီ တို့က ငွေကျပ် ခြောက်သိန်း၊ တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်း-ဇနီး ဗိုလ်ကြီးဒေါ်လှငွေ(ငြိမ်း) သားမောင်ကျော်မြတ်ခိုင်၊ သား ဗိုလ်ကျော်မြင့်ခိုင်၊ သမီး မမေဆုလှိုင်တို့ကငွေကျပ်ငါးသိန်း၊ ကျေးဇူးရှင် ဖခင် ဦးဘိုးကြူ-မိခင် ဒေါ်ကြင်ရွှေတို့အား ရည်စူး၍ သမီးဒေါ်မြစိန်၊ သားဦးစိန်ဝမ်၊ ဦးစန်း၊ ဦးမြင့်သိ၊ ဇနီး ဒေါ်မြင့်မြင့်စိန်၊ မြေး မောင်ကျော်လင်းသူ၊ မလတ်လတ်ဝင်း၊ မောင်ပြည့်စုံဝင်း မိသားစုတို့က ငွေကျပ်ငါးသိန်း၊(ဦးဖိုးညဏ်-ဒေါ်မမခင်) အားရည်စူး၍ သားဖြစ်သူ ဦးလှဖေ-(ဒေါ်စိန်တင်) မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးမင်းသိန်း၊ ဒေါ်ယုလဲ့ထွန်း၊ သား အောင်မင်းသိန်း၊ အောင်ပြည့်သိန်း မိသားစုက ငွေကျပ်ငါးသိန်း၊ အဖဦးစီး-အမိ ဒေါ်ပုနှင့် ဇနီး ဒေါ်တင်တင်အောင်တို့အားရည်စူးလျက် ဦးကျော်အောင်နှင့် သားသမီးများ၊ ရဲအုပ်အုန်းလွင်-ဒေါ်မိုးမိုးအောင်၊ ဦးဌေးဝင်း-ဒေါ်ခင်နွဲ့မောင်၊ ဦးမင်းအောင်၊ မြေး မအေးမြမြမိုး၊ မောင်ဟိန်းထက်မော်တို့က ငွေကျပ်ငါးသိန်း၊ စစ်တက္ကသိုလ်အပတ်စဉ်(၂၃)ကငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းထံ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးအောင်မိုး-ဒေါ်နိုင်နိုင်အောင်၊ သားမောင်အောင်ကောင်းခန့် မိသားစု၊ ဦးသိန်းနု-ဒေါ်ခင်မြမိသားစု၊ မိခင် ဒေါ်ခင်ကြည် အမှူးထား၍ အကယ်ဒမီအထည်ဆိုင် ဗိုလ်ချုပ်ဈေး ရန်ကုန် သားသမီးမြေးမြစ်တစ်စု၊ ကွယ်လွန်သူ(ဦးခင်ဝင်း)အား ရည်စူး၍ ဟာဂျီမ ဒေါ်ခင်ရီ မိသားစု၊ စီအမ်အေ-ပုညကုသလဗဟုကရလူမှုရေးအသင်း အမှုဆောင်များနှင့် ဓမ္မမိတ်ဆွေများ၊ ဦးဝင်းဖေ-ဒေါ်အေးအေးမြင့်မိသားစု၊ ဦးအောင်သူ-ဒေါ်သက်သက်မိသားစု၊ ကွယ်လွန်သူ ဖခင် ဦးဘိုးသိန်း၊ မိခင် ဒေါ်ငွေလှိုင်အားရည်စူး၍ ဗိုလ်မှူးမြတ်လှ(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေး မိသားစုနှင့် ဦးဉာဏ်လှိုင်-ဒေါ်ကြည်ညွန့် မိသားစု၊ ဦးကံညွန့်အား ရည်စူး၍ ဒေါ်လှကြည်နှင့်မိသားစုတို့က ငွေကျပ် ငါးသိန်းစီကို ပေးအပ်လှူဒါန်းကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်

၁။ မျိုးချစ်တပ်မတော်ဖြစ်သည်။
၂။ စည်းကမ်းကောင်းသောတပ်မတော်ဖြစ်သည်။
၃။ သစ္စာရှိသောတပ်မတော်ဖြစ်သည်။
၄။ စည်းလုံးညီညွတ်သောတပ်မတော်ဖြစ်သည်။
၅။ စွမ်းရည်ရှိသောတပ်မတော်ဖြစ်သည်။
၆။ စွန့်လွှတ်စွန့်စားသောတပ်မတော်ဖြစ်သည်။
၇။ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားသော တပ်မတော်ဖြစ်သည်။
၈။ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်ဖြစ်သည်။
၉။ အခက်အခဲကိုရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်ဖြစ်သည်။
၁၀။ အပင်ပန်းအဆင်းရဲခံနိုင်သည့် တပ်မတော်ဖြစ်သည်။
၁၁။ ဖွဲ့လုံ့လဝီရိယရှိသည့် တပ်မတော်ဖြစ်သည်။
၁၂။ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သော တပ်မတော်ဖြစ်သည်။

စာမျက်နှာ ၁၀ မှ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ကွယ်လွန်သူ မိခင်ဒေါ်အေးကြည် (ခ)ဒေါ်အမာကြည်အား ရည်စူး၍ ဦးစိန်မြင့် မိသားစု၊ ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သည့် (ဦးလှမောင်-ဒေါ်ရွှေခမ်း)တို့အား ရည်စူး၍ သား ဦးသိန်းလွင် ဒေါ်ကေသီလှိုင် မိသားစု၊ စီအမ်အေပုညကုသလဗဟုကရအသင်း၊ ဦးရဲဝင်း-ဒေါ်ခင်မြင့်မြင့်မိသားစု၊ နှစ်ဖက်သောမိဘများဖြစ်သော ဦးကျောက်အေး-ဒေါ်ကြည်နှင့် ဦးမောင်မောင်-ဒေါ်အုံးကြင်တို့အား ရည်စူး၍ ပျဉ်းမနားမြို့မှ ဗိုလ်မှူးကြီးတင်ရွှေ-ဒေါ်ငွေယဉ်၊ အစ်မ ဒေါ်သန်းရွှေမိသားစု၊ ဗိုလ်ကြီးစန်းလွင် ဇနီး ဒေါ်အမာစိန် သားသမီးမိသားစု၊ ရန်ကုန်မြို့ (၂၉)လမ်း အထက်လမ်း ဦးမြင့်လွင်-ဒေါ်သိန်းသိန်းနှင့် သားများဖြစ်ကြသော ဇော်မင်းလွင်၊ ကျော်ထင်လင်း၊ ဖြိုးဝေဇော်၊ မိုးသိန်းထိုက်၊ ကွယ်လွန်သူ ဒေါ်ခင်ဆွေတင့်အားရည်စူး၍ ဒေါက်တာဦးကြည်ပေါ၊ သား ဒေါက်တာဦးမျိုးညွန့်၊ ဒေါက်တာ ဦးမျိုးလွင်နှင့် နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးမောင်မောင်ရီ- ဒေါ်ခင်အေး သားသမီးမြေးမိသားစုတို့က ငွေကျပ်ငါးသိန်းစီကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေထံ ဒေါ်နန်းအိအိဇာ၏ မွေးနေ့အထိမ်းအမှတ် ဦးရဲမြင့်-ဒေါ်နန်းအိအိဇာနှင့် မိသားစု (သရဖူမဂ္ဂဇင်း)၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒေါက်တာစိန်တင်(တွဲဖက်အမှုဆောင် ဒါရိုက်တာ) ဇနီး ဒေါ်ညွန့်ညွန့်ရွှေမိသားစု၊ ဦးဆိုင်(ဒေါ်ကျင်လို့) မိသားစုနှင့် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးလမင်း-ဒေါ်တင်တင်ဝင်း၊သား မောင်သော်တာလင်း၊ သမီး မခိုင်ဇာလင်းမိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ၂၀၀၃-၂၀၀၄ခုနှစ် အထက(၄) ဗိုလ်တထောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေမြင့်၊ ဆရာမများ၊ ကျောင်းသူများ၊ ဝန်ထမ်းများက ငွေကျပ် ၄၀၅၅၀၀၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဝန်ထမ်း ၁၂၁ဦး၏ စုပေါင်းလှူဒါန်းငွေ ၂၇၁၈၀၅ကျပ်၊ ဦးကျော်မြသိန်း(ဒု-ပါမောက္ခချုပ်) ကွန်ပျူတာတက္ကသိုလ်၊ အကြံပေးအရာရှိ(ငြိမ်း) ဇနီး ဒေါ်စန်းစန်းမြင့် ကုန်သွယ်ရေးမန်နေဂျာ (ငြိမ်း)၊ သမီး ဒေါက်တာချိုချိုစန်း၊ မောင်ဇော်ဝင်းအောင်၊ သမီး မခင်စန္ဒာမိသားစုတို့က ငွေကျပ် ၂၅၀၀၀၀၊ ဦးဉာဏ်လင်းထက်-ဒေါ်စမ်းသီတာနိုင်၊ ဦးဖြိုးလှမြင့်-ဒေါ်မိမိနိုင် မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးဖြစ်သည့် ဦးစန်းက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အောင်မြင်ဖြစ်ထွန်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ကဏ္ဍပေါင်းစုံတွင် အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလျက်ရှိကြောင်း။

ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်လှူဒါနရေး၏ လူများစုဖြစ်သည့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာစေရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းစေရေးတို့အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်လျက်လည်းရှိကြောင်း။

ပြည်နယ်၊ တိုင်း ဒေသအသီးသီးတွင် ဆောင်ရွက်ပေးလျက်ရှိသည့် ဆည်မြောင်းတာတမံ စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကြောင့် ကျေးလက်ဒေသများ၏ ရေလိုအပ်မှုကို ယခင်ကနှင့်မတူ များစွာပြည့်စုံစေခဲ့သော်လည်း ယင်း ရေရရှိရေးစီမံကိန်း၏ အကျိုးသက်ရောက်မှု မခံစားရသေးသည့် ကျေးလက်ဒေသများ ကျန်ရှိနေကြောင်း။

၁၉၉၉ ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲက ရေခက်ခဲသော အပူပိုင်းဒေသ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နှစ်ရှည်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

၁၁၆၉တွင်း

ယင်းလမ်းညွှန်မှုနှင့်အညီ အပူပိုင်းဒေသ တိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်၊ တိုင်းများ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နိုင်ငံတော်၏ အင်အား၊ အလှူရှင်များ၏ အင်အား၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၏ အင်အားဖြင့် ရေတွင်းပေါင်း ၁၁၆၉ တွင်း တူးဖော်၍ ကျေးလက်ဒေသ ရေရရှိရေးကို အားဖြည့်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ဆောင်ရွက်ခြင်းလုပ်ငန်းသည် သက်ရှိထင်ရှားရှိသည့် ပြည်သူများအား တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းဖြစ်ကြောင်း၊ ဤကဲ့သို့ လှူဒါန်းခြင်းသည် အလှူဒါနတစ်ခုကို ပြုလုပ်ခြင်းဖြစ်သည်သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းတွင်လည်း တစ်တပ်တစ်အား ပါဝင်ခြင်းလည်းဖြစ်ကြောင်း။

ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် လှူဒါန်းကြသည့် အလှူရှင်များ သက်ရှည်ကျန်းမာ တိုးတက်ကြီးပွားကြပါစေ၊ ဆက်လက်၍လည်း ယခုကဲ့သို့ပင် လှူဒါန်းဒါနမှု ပြုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားပြီး အလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အခမ်းအနားသို့ မတက်ရောက်နိုင်သူများ၏ လှူဒါန်းငွေများအပါအဝင် အလှူငွေစုစုပေါင်း ၁၃၁၂၅၉၃၀၅ကျပ်၊ အမေရိကန်ဒေါ်လာ ၄၄၆၈၊ ယူရို ၂၇၀နှင့် FEC ၁၀၀၀၀ ရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးဖိုဆောင် နှင့် ရိက္ခာဆောင်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးဝန်ကြီး ဗိုလ်ချုပ်စိန်ထွား အောင်ဆန်းစစ်ကြောင်းမှ မီးသတ်တပ်ဖွဲ့ တည်းခိုဆောင်စစ်ဆေး

ရန်ကုန် မတ် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ မွန်းလွဲပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ စစ်ရေးပြ လေ့ကျင့်လျက်ရှိသည့် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ တည်းခိုဆောင်သို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အောင်ဆန်းစစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ တည်းခိုရာ အိပ်ဆောင်၊ စားရိပ်သာ၊ မီးဖိုဆောင်နှင့် ရိက္ခာဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ စစ်ရေးပြအရည်အသွေး မြင့်မားရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာပြီး ရဲဘော်စိတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး စသည်ဖြင့် မှာကြားပြီး မီးသတ် ဦးစီးဌာနမှ တပ်ခွဲနှစ်ခွဲ၌ ပါဝင်သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေ ကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးစံထွန်းက ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံယူပြီး မီးသတ်ဦးစီးဌာနမှ တပ်ခွဲနှစ်ခွဲ၌ ပါဝင်သည့် မီးသတ်တပ်ဖွဲ့ဝင်များအား လွှဲပြောင်းပေးအပ်သည်။ (သတင်းစဉ်)



(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တော်လှန်ရေးပန်းခြံအတွင်း လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်နေ့စစ်ကြောင်းကြီးများ ချီတက်လေ့ကျင့်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက် ၅ နာရီတွင် တပ်မတော်နေ့စစ်ရေးပြ စစ်ကြောင်းကြီးများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် ချီတက်လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်ကြည့်ရှု

စစ်ရေးပြလေ့ကျင့်ရာသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အတူ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက် ကြည့်ရှုစစ်ဆေးကြသည်။

ချီတက်လေ့ကျင့်

စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် အရန် စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းတို့ ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက (တပ်ပါ)စစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် ချီတက်လေ့ကျင့်ကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်ရေးပြစစ်ကြောင်းကြီးများအားလိုအပ်သည်များမှာကြားပြီး နံနက် ၉နာရီတွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၄ (စနေနေ့)

၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈း၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၇။ ဇိုက္ကရဲရေထိန်းတံခါး
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Grammar Made Easy.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
  - ၂၀၀၂ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့(တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၂၃)
- ၂း၀၅ ၇။ ယူးချောင်းတံတား
- ၂း၁၅ ၈။ အန္တရာယ်ကင်းစေ ဘေးရှင်းစေ (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)
- ၂း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂း၄၅ ၁၀။ International News.
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
  - ၂၀၀၂ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English For Everyday Use.
- ၄း၄၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၂ ခုနှစ်)
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၅း၀၅ ၆။ အကပဒေသာ
- ၅း၂၀ ၇။ တေးဂီတအစီအစဉ်
- ၅း၃၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၄၅ ၉။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၅၅ ၁၀။ တေးဂီတအစီအစဉ်
- ၆း၀၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
- ၆း၂၀ ၁၂။ ဖွံ့ဖြိုးသာယာမင်းကုန်းကျေးရွာ
- ၆း၃၀ ၁၃။ ညနေခင်းသတင်း
- ၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၅။ Discovery
- ၇း၂၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၂၆)
- ၇း၅၀ ၁၇။ ၂၀၀၂ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
  - "ပြည်သူ့အတွက်တပ်မတော်"
  - "ခေတ်အဆက်ဆက်ပြည်သူ့အတွက် မျိုးချစ်တပ်မတော်"
  - "ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်"
  - "အသက်ထက်မြတ်တဲ့ဂုဏ်" (ချစ်ကောင်း)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း ရနံ့ပြယ်နှင်းဆီ (အပိုင်း-၁) (ရာဇာနေဝင်း၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ကိုမျိုးထူး)
- ၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ဝေါအထက အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၂

ဝေါမြို့နယ်အထက ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဝေါမြို့ ရတနာဦးခန်းမတွင်ကျင်းပမည်ဖြစ်ရာ ဦးစိန်ဘွင့်(အငြိမ်းစား) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမကြီးများအားလုံး တက်ရောက်အပူဇော်ခံပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးတင်လှအောင် ဖုန်း-၅၇၉၁၃၄၊ ဦးတင်စိုး ဖုန်း-၅၂၄၁၈၇၊ ဦးရွှေလှဝင်း ဖုန်း-၅၇၀၅၉၃၊ ဦးစန်းရွှေ ဖုန်း-၀၅၂-၂၁၄၆၃ နှင့် ဦးနီစစ် ဖုန်း-(ဝေါ-၁၉၅) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တရားရုံးချုပ်တရားသူကြီး ပဲခူးတိုင်း တရားရုံးများစစ်ဆေး

ရန်ကုန် မတ် ၁၂

တရားရုံးချုပ် တရားသူကြီး ဦးခင်မောင်အေးသည် ပဲခူးတိုင်း တရားသူကြီးနှင့်အတူ မတ်၆ရက်မှမတ် ၉ရက်အထိ ပဲခူးတိုင်းအတွင်းရှိ တရားရုံးများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ခရီးစဉ်၌ တရားရုံးချုပ် တရားသူကြီးသည် ခရိုင်နှင့် မြို့နယ် တရားသူကြီးများ၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာများ၊ အမှုကိုမှန်မှန်နှင့်မြန်မြန်စစ်ဆေးနိုင်ရေး၊ နိုင်ငံတော်နှင့် စပ်လျဉ်းသည့် အမှုများ၌ ပြစ်မှု၊ ပြစ်ဒဏ် မှန်ကန်ထိရောက်စေရန်နှင့် ပြည်သူတို့ ယုံကြည်အားထားရသည့် တရားရုံးများ ဖြစ်ပေါ်လာစေရေး၊ အရည်အသွေး တိုးတက်မြင့်မားသော တရားရေး အရာရှိများ ဖြစ်ပေါ်လာစေရေးတို့အတွက် အမြဲလေ့ကျင့်ဆည်းပူးကြရန် မှာကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် ဝေဒနာနုပဿနာသတိပဋ္ဌာန်**
- ၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉း၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
  - Application of demand and supply (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅း၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင့်ရွှေနဖာစူးမယ့်ရွှေနဖူးစာ အပိုင်း(၁၃)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **English Premier League ဘောလုံးပွဲ** Black Burm & Arsenal
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

✧ **ကျောဖုံးမှ**

အစည်းအဝေးတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရာတွင် စပါး၊ပဲ၊ပြောင်းနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးမှုအတွက် ဆန်စပါးဖူလုံရုံသာမက ပိုလျှံနေသော်လည်းစားသုံးဆီကို ဖူလုံအောင်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း၊ ပြည်ပမှ စားအုန်းဆီတင်သွင်းပြီး အားဖြည့်ပံ့ပိုးနေရကြောင်း။

ထို့ကြောင့် တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး၊ တနင်္သာရီတိုင်းကို နိုင်ငံတော်၏ဆီအိုးဖြစ်စေရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဆီအုန်းဧက ငါးသိန်းကို မျှော်မှန်းထားသည့်အတိုင်း အပြည့်အဝစိုက်ပျိုးခြင်းသည် သွင်းကုန်အစားထိုးခြင်းဖြစ်သည်သာမက ပြည်ပပို့ကုန်အဖြစ် စားအုန်းဆီများကို တင်ပို့ရောင်းချနိုင်သည့် အခြေအနေရှိကြောင်း။

သိသာထင်ရှား

ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကြောင့် မည်မျှအကျိုးဖြစ်ထွန်းသည်ကို ဆီအုန်းစိုက်ပျိုးနေသည့် အိမ်နီးချင်းနိုင်ငံတချို့၏ အခြေအနေကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားကြောင်း၊ ထို့ကြောင့် ဆီအုန်းစိုက်ပျိုးခြင်းဖြင့် မိမိတစ်ဦးချင်းအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

ဆီအုန်းစိုက်ပျိုးရာတွင် တချို့လည်းစိုက်ပျိုးရန် ဆန္ဒရှိသော်လည်း ငွေကြေးအရင်းအနှီးမရှိ၍ မစိုက်ပျိုးနိုင်သူများရှိသကဲ့သို့ တချို့မှာလည်း စိုက်ပျိုးရန်ဆန္ဒလည်းရှိ၊ ငွေကြေးတတ်နိုင်စွမ်းလည်းရှိသော်လည်းအခြေအနေမပေး၍ မစိုက်ပျိုးနိုင်သည်ကိုလည်းတွေ့ရကြောင်း။

မိမိတို့အနေဖြင့် ဆီအုန်းစိုက်ပျိုးရန် မြေလွတ်မြေရိုင်းများကို ခွင့်ပြုချထားပေးလျက်ရှိပြီး လိုအပ်သောလမ်းပန်းဆက်သွယ်မှုတို့နှင့် အခြားလိုအပ်သောအကူအညီများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆီအုန်းလက်ရှိစိုက်ပျိုးနေသူများကလည်း ရည်မှန်းချက်အတိုင်း နှစ်အလိုက် အပြည့်အဝစိုက်ပျိုးရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရှိရပြီး ဆီအုန်းစိုက်ရန် ဆန္ဒရှိသူများလည်း ဝင်ရောက်ရင်းနှီးမြှုပ်နှံစိုက်ပျိုးကြမည်ဖြစ်ကြောင်း ကြားသိရ၍ ဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် နိုင်ငံတော်အစိုးရတို့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဆီအုန်းစိုက်ပျိုးရန်လျာထားမှု၊ စိုက်ပျိုးပြီးစီးမှုနှင့် ထပ်မံစိုက်ပျိုးရန် လိုအပ်မှုအခြေအနေ၊ ဆီကြိမ်းစက်ရုံများ တည်ဆောက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆီအုန်းစိုက်ပျိုးနေကြသည့် ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များက ဆီအုန်းပင်စိုက်ပျိုးပြီးစီးမှု၊ ဆီအုန်းပင်ထပ်မံစိုက်ပျိုးမည့်အစီအစဉ်များ၊ ဆီကြိမ်းကြိတ်ခွဲစက်ရုံများ ထူထောင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များ၊ အကျိုးအမြတ်ဖြစ်ပေါ်လာနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းပေးနိုင်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ညှိနှိုင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အစည်းအဝေးသို့ တက်ရောက်လာကြသော လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)



ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်စာရေးဆရာအဖွဲ့ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

ရန်ကုန် မတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်–မြန်မာ နှစ်နိုင်ငံစာရေးဆရာများ အပြန်အလှန် နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှု တိုးပွားလာစေရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင် လျောင်နင် ပြည်နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဝမ်ချုံးလို ခေါင်းဆောင်သော တရုတ်စာရေးဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။ (ဓါတ်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှု သံမှူး Mr. Pan Feng နှင့် တတိယအတွင်းဝန် Mr. Zhang Zhongming တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၁၂

တာချီလိတ်မြို့ မကာဟိုခမ်းရပ် မဟာမြတ်မုနိ ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်နှင့် အောင်မင်္ဂလာတောရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (သဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား ကြိုဆိုပူဇော်ပွဲအခမ်းအနားကို တာချီလိတ်မြို့လေဆိပ်၌ မတ် ၉ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဘွဲ့ခံဆရာတော် နှစ်ပါးအား တာချီလိတ်လေဆိပ်၌ နဂါးနှစ်ကောင် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော သံဃာတော်အပါး ၃၀၀ နှင့် တာချီလိတ်မြို့မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝေါပက အဖွဲ့များနှင့် မြို့လူထုအင်အား ၅၀၀၀ ခန့်တို့ တက်ရောက်ကြိုဆိုပူဇော်ပြီး ကရဝိက်ဖောင်တော်ဖြင့် မဟာမြတ်မုနိဓမ္မောဒယ ပရိယတ္တိစာသင်တိုက်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် မတ် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ဘွဲ့ခံဆရာတော်နှစ်ပါးအား နဂါးနှစ်ကောင် ဆရာတော်ကြီးကြီးမှူး၍ သိက္ခာထပ်၊ ကံထပ် မင်္ဂလာနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို မဟာမြတ်မုနိ ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား အသက် (၆၀)အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ဟားဘတ်နှင့် ခင်မောင်ဝင်းအတွဲ၊ ဒုတိယရဲမြင့်နှင့် ပိန်းရီအတွဲ၊ တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမကျော်မောင်၊ ဒုတိယဟောက်ခိုပေါင်တို့က ရရှိသွားသည်။

အသက် (၅၅)နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမမြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် မောင်မောင်လေးအတွဲ၊ ဒုတိယတင်မောင်လွင်နှင့် ကိုကြည်အတွဲတို့ ရရှိကြပြီး ဆုများကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာတင်အောင်လင်းက ပေးအပ်ချီးမြှင့်သည်။

အသက် (၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမတင်မောင်လွင်၊ ဒုတိယ မောင်မောင်လေးတို့က ရရှိသွားသည်။

အသက်(၄၅)နှစ်အထက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမခင်ဝင်းနှင့် တင်မောင်လွင်အတွဲ၊ ဒုတိယ စိုင်းကောက်နှင့်ခင်မောင်ချို အတွဲတို့က ရရှိသွားပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမအောင်မိုး၊ ဒုတိယမန်ပေါင်တို့က ရရှိသွားသည်။

အသက်(၃၅)နှစ်အထက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမကျော်စံဝင်းနှင့် အောင်မိုးအတွဲ၊ဒုတိယတင်အောင်လင်းနှင့် မောင်မောင်အတွဲတို့က ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ဇော်လင်းနိုင်က ပထမ၊ အောင်မိုးက ဒုတိယ ရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲအလွတ်တန်းပြိုင်ပွဲတွင် ပထမအေမီထွန်းနှင့် ကြည်မြဇော်အတွဲ၊ ဒုတိယ မိုးချစ်သဲနှင့် ခိုင်ငြိမ်းသာအတွဲ၊ တတိယထားထားလွင်နှင့် ဇင်မာထွေးအတွဲနှင့် တွဲဖက်တတိယ သန္တာအောင်နှင့် သက်မာထွန်းအတွဲတို့က ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမအေမီထွန်း၊ ဒုတိယ ကြည်မြဇော်၊ တတိယမိုးချစ်သဲနှင့် ခိုင်ငြိမ်းသာတို့ ရရှိသွားသည်။

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပထမရရှိသော ဇော်ဇော်လတ်နှင့် တူးမော်အတွဲ၊ ဒုတိယ ခင်မောင်ဝင်းနှင့်သက်လွင်အတွဲ၊ တတိယရရှိသော မြတ်ခိုင်နှင့် ဖြိုးမင်းသာအတွဲနှင့်မင်းမင်းနှင့်မန်လုံစိန်အတွဲတို့အား လည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင်ပထမဆုရရှိသောတူးမော်၊ ဒုတိယရရှိသောဇော်ဇော်လတ်၊တတိယရရှိသော မင်းမင်းနှင့် ခင်မောင်ဝင်းတို့အား ဆုများချီးမြှင့်ပြီး ၂၀၀၄ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ၏ တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးသော တူးမော်အား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်သည်။

ပြိုင်ပွဲတွင် အောင်ပွဲရအားကစားမောင်မယ်တို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အမှုဆောင်များက အလှည့်ကျ ဆုများချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့်အတူ ပြိုင်ပွဲတွင် အောင်ပွဲရ တင်းနစ်အားကစားမောင်မယ်များ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

တံခွန်စိုက်ဆု

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက ၂၀၀၄ခုနှစ် မြန်မာပြည် တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ၏ တံခွန်စိုက်ဆုဖလားကို တူးမော်အား ချီးမြှင့်စဉ်။

(သတင်းစဉ်)

နမ့်ခမ်းမြို့နယ်၌ ဘိန်းဖြူ ၁၀ ဒသမ ၅ကီလို ဖမ်းမိ

ရန်ကုန် မတ် ၁၂

နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ရက်က နမ့်ခမ်းမြို့နယ် နောင်စန့်ကုန်းကျေးရွာနေ ဦးလူရန်ရှင်း၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဦးလူရန်ရှင်း၏သား ကျော်ထွန်း(ခ) လူဖုန်ချန်**(ဓါတ်ပုံ)**အား နေအိမ်ခြံဝင်းအတွင်း စိုက်ပျိုးထားသော မုန်ညင်းခင်း၌ သို့ဝှက်သိမ်းဆည်းထားသည့် ဘိန်းဖြူ ဘလောက်တုံး ၃၀ (အလေးချိန် ၁၀ ဒသမ ၅ ကီလို)နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေ)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ မတ်လအတွက်

(၁၄–၃–၂၀၀၄)ရက်နေ့

နှင့်

(၂၈–၃–၂၀၀၄)ရက်နေ့

ပထမကျော်စာသင်တိုက် သင်္ကြန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၂

ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူတော်မူ၍ သဃ်န်းကျွန်းမြို့နယ် (၄/က)ရပ်ကွက်၊ ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်၌ ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ သင်္ကြန် ခုနစ်ရက်တရားစခန်းဖွင့်မည်ဖြစ်သည်။

ယောဂီဦးရေကန့်သတ်ထားပါသဖြင့် တရားအားထုတ်လိုသော ယောဂီများသည် ဖုန်း–၅၆၂၃၃၃၇၊၂၇၄၃၊ ၅၇၃၁၂၆တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြသည်။ ထို့ပြင် ညစဉ်တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၁ ရက်တွင် ဆင်ဖြူတောင် အရှင်ဂုဏိန္ဒ၊ ဧပြီ ၁၂ ရက်တွင် မေတ္တာအေး အရှင်သုဇာတ၊ ဧပြီ ၁၃ရက်တွင် တွံတေး အရှင်ဣန္ဒက၊ ဧပြီ ၁၄ရက်တွင် ရွှေတောင်တိုက်သစ် အရှင်ထေရဝံသာဘိဝံသ၊ ဧပြီ ၁၅ရက်တွင် မဉ္ဇိမဂုဏ်ရည် ဒေါက်တာ အရှင် ကောဝိဒ၊ ဧပြီ ၁၆ရက်တွင် သဒ္ဓမ္မရံသီ အရှင်သုမတိတို့က ဟောကြားမည်ဖြစ်သည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအချိုရည်၊ ဓမ္မပူဇာများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ်ပြန်လည်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းရန်နှိုးဆော်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံရေး၏ ဒုတိယမြောက်လုပ်ငန်းအဖြစ် စေတီတော်မြတ်ကြီးနှင့်လွန်စွာနီးကပ်၍ ရင်ပြင်တော် လျှောက်လမ်း အလွန်ကျဉ်းမြောင်းနေသော ဘုရားကြီးကိုးဆူတန်ဆောင်းကို ရင်ပြင်လျှောက်လမ်း ကျယ်ဝန်းစေရန်အတွက် မဟာရံတံတိုင်းအပြင်သို့ ရှစ်ပေခန့်တိုးချဲ့၍ အသစ်ပြန်လည်တည်ဆောက် သွားမည်ဖြစ်ပါသည်။ အသစ်ပြုပြင် တည်ဆောက်ပြီးစီးသွားပါက ဘုရားကြီးကိုးဆူတန်ဆောင်းသည် စေတီတော်နှင့် ကိုးပေခန့်ကွာဝေးသွားမည်ဖြစ်သဖြင့် ရင်ပြင်တော်လျှောက်လမ်း ကျယ်ဝန်းပြီး ဘုရားဖူးများ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်မည်ဖြစ်ပါသည်။ ဘုရားကြီးကိုးဆူတန်ဆောင်းအသစ် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ပါလုပ်ငန်းရပ်များအလိုက် လှူဒါန်းနိုင်မည်ဖြစ်သည်။

(၁) ရုပ်ပွားတော်ကြီး ကိုးဆူလုံးတော်ပြည့် ရွှေသင်္ကန်း	တစ်ဆူလျှင်	ငါးသိန်းကပ်လှူခြင်း
(၂) ၁၁ပေ x၁၅ပေအခန်း ၁၂ခန်း	တစ်ခန်းလျှင်	၂၀၀၀၀၀ ကျပ်
(၃) တန်ဆောင်းကွန်ကရစ်တိုင် ၁၆ လုံး	တစ်လုံးလျှင်	၁၅၀၀၀၀ ကျပ်
(၄) အင်္ဂတေလင်းနို့တောင်နှစ်ဖက်လှ ငါးခန်း	တစ်ခန်းလျှင်	၂၄၀၀၀၀ ကျပ်
(၅) သွပ်ပန်းစိန်ကြီး သုံးလုံး	တစ်လုံးလျှင်	၈၀၀၀၀ ကျပ်
(၆) သွပ်ပန်းစိန်လတ် ၁၄လုံး	တစ်လုံးလျှင်	၄၅၀၀၀ ကျပ်
(၇) သွပ်ပန်းစိန်သေး ၂၄လုံး	တစ်လုံးလျှင်	၆၅၀၀ ကျပ်
(၈) သွပ်ပန်း မုခ်ကြီး	တစ်မုခ်	၂၅၀၀၀၀ ကျပ်
(၉) သွပ်ပန်း မုခ်လတ် နှစ်မုခ်	တစ်မုခ်လျှင်	၁၉၀၀၀၀ ကျပ်
(၁၀) သွပ်ပန်း မုခ်သေး နှစ်မုခ်	တစ်မုခ်လျှင်	၁၃၀၀၀၀ ကျပ်
(၁၁) သွပ်ပန်းဒေါင့်မုခ် ရှစ်မုခ်	တစ်မုခ်လျှင်	၃၇၀၀၀ ကျပ်
(၁၂) သွပ်ပန်းဖောင်းပန်းဆွဲ(၁၀)ချောင်း	တစ်ချောင်းလျှင်	၄၃၀၀၀မှ ၁၃၅၀၀၀ကျပ်

စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ၂၆–၃–၂၀၀၄ သောကြာနေ့တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်ကုသိုလ်တော်ပါဝင်လိုသူ အလှူရှင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်း နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စေတီတော်ဂေါပကရုံး ဖုန်း–၂၉၀၄၂၅၊

ပြန်ကြားရေးဝန်ကြီးရုံး ဖုန်း–၂၄၅၆၁၅၊ ၂၄၅၆၁၉၊ ၂၄၅၅၉၅၊ ၂၄၅၆၂၄၊ ၂၄၅၆၃၁။

ကျေးဇူးဆပ်ပါမည်

မြရတနာအင်တာပရိုက်(စ်) လီမိတက်မှ ITTP-1466/04 (DATE-11-3-04) ငွေလွှဲစာရွက်စာတမ်းသည် ၁၁–၃–၂၀၀၄ရက် ညနေ ၃နာရီခန့်တွင် ပန်းဆိုးတန်း တာဝါမှ အကောက်ခွန် ဦးစီးဌာနသို့ အသွား လမ်းပေါ်တွင် ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက ၆၃၂၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၂၄၅၂၄၂၊ ၂၄၅၂၄၃ သို့ အကြောင်းကြားက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ကိုဇော်မင်းဦး။

ဖုန်းနံပါတ်ပြောင်းလဲခြင်း

Wai Wai Wedding Studio ၏ ဖုန်းနံပါတ် 0928 256664 သို့လည်းကောင်း Wai Wai Music Group ၏ ဖုန်းနံပါတ် 0928 256715 သို့လည်းကောင်း ပြောင်းလဲ ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

Wai Wai Music Group & Studio

THAMES

Management Centre

Diploma in Business Administration

မတ်လထုတ် ဖြူတီမဂ္ဂဇင်းဖြန့်ချီ

ရန်ကုန် မတ် ၁၂

ယနေ့ခေတ်လူငယ်များ၏ရင်သန်နေထိုင်မှု ဖက်ရှင်ရေစီးကြောင်းကို ဖွင့်လှစ်ပြသထားသည့် အနဂ္ဂ၊ တင်မိုးလွင်တို့ ရေးသားထားသော လူငယ်နှင့် ရင်သန်နေထိုင်မှု မျက်နှာဖုံးဆောင်းပါးများ ပါဝင်သည့် အမှတ် (၄၉)၂၀၀၄ခုနှစ်၊ မတ်လထုတ် ဖြူတီမဂ္ဂဇင်းဖြန့်ချိထားသည်။ (က–ပ)

MYANMAR INTERNATIONAL TERMINALS THILAWA LTD.
BERTH 5-9, THILAWA, KYAUKTAN TOWNSHIP, YANGON.

INVITATION OF SEALED TENDER FOR DERRICK BARGE

MITT INTENDS TO SELL ONE DERRICK BARGE IN A AS IS CONDITION AND INVITES SEALED TENDERS FOR SALE.

SPECIFICATION:

TYPE	: LL II DUMB STEEL LIGHTER ONE HOLD/SINGLE DERRICK
GROSS/NET TONNAGE	: 1388 TONS/ 971.6 TONS
LENGTH OVERALL/BREADTH	: 44.50 METERS / 16.15 METERS
ENGINES	: (1) MAIN DERRICK ENGINE – GARDNER 240 HP (2) MOORING/ WINCH ENGINE – GRANDER 150 HP (3) GENERATOR ENGINE – GRANDER 60 HP
LIFTING GEAR	: ONE SINGLE DERRICK WITH SWL 40 TONS
BID BOND	: FEC 1000 (MUST BE DEPOSITED BEFORE CLOSING TIME)

CLOSING DATE/ TIME : 19 MARCH 2004 (FRIDAY), 5:00 P.M

BIDS IN SEALED ENVELOPS MARKED AS " TENDER FOR BARGE " MUST BE REACHED TO MITT OFFICE BEFORE TENDER CLOSING TIME. TENDER FORMS AND DETAILED INFORMATION ARE AVAILABLE AT MITT OFFICE. PLEASE CONTACT PHONE NO. 056-25250, 056-25252 IF FURTHER INFORMATION IS REQUIRED.

TENDER COMMITTEE (MITT)

SET MENU

- Lobster
- Vegetable
- Seafood
- Noodles
- Meat
- Fresh Juices

(Minium for 2 persons)

COCA SUKI RESTAURANT

တိုက်ခန်းထက် ပိုသက်သာတဲ့ဈေးနဲ့

- ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီးပေါ် လှိုင်သာယာမြို့နယ်၏ အလယ်ဗဟိုတွင် တည်ရှိသည်။
- အချိန်နှင့်အမျှ တန်ဖိုးတက်လာမည်။
- ငွေလိုလျှင်အချိန်မရွေးပြန်ရောင်းနိုင်သည်။
- စိတ်တိုင်းကျ အိမ်ပုံစံဆောက်လုပ် နေထိုင်နိုင်သည်။
- ကျယ်ပြန့်သန့်ရှင်းသောပတ်ဝန်းကျင်တွင် စိတ်အေးချမ်းသာ နေထိုင်နိုင်သည်။

ပိုမိုသိရှိလိုပါလျှင်

၅၂၁၀၆၄၊ ၅၀၃၁၆၈

၆၆၆၁၈၃၊ ၆၈၅၁၅၉

CHIN SU MYANMAR CO., LTD.

အထူးကုဆရာဝန်ကြီးများ ကျန်းမာရေး အသိပညာပေးဟောပြော တောင်သူ ဦးကြီးများနှင့် မိသားစုများ ကျန်းမာရေးစစ်ဆေးပေး

နွားထိုးကြီး မတ် ၅

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျေးလက်ဒေသနေ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေရန် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းဆေးဝါးကုသပေးခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်၁၀ နာရီက ဝက်လူးကျေးရွာအုပ်စု ဝက်လူးအလယ်ရွာရှိ အခြေခံပညာအထက်တန်းကျောင်းခန်းမနှင့် ဝက်လူးတိုက်နယ်ဆေးရုံတို့တွင် ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က အမှာစကားပြောကြားပြီး မွေးကင်းစ ကလေးများ ကျန်းမာရေးအကြောင်းကို ဒေါက်တာဦးသိန်းထွန်းကလည်းကောင်း၊ ပဏာမ မျက်စိကျန်းမာရေးအကြောင်းကို မျက်စိအထူးကု ဒေါက်တာဒေါ်ဝင်းမာထွန်းကလည်းကောင်း၊ အမျိုးသမီးများကျန်းမာရေးအကြောင်းကို မီးယပ်နှင့် သားဖွားဆရာဝန်ကြီး ဒေါက်တာဒေါ်အမာကလည်းကောင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်းကို ဒေါက်တာဦးအေးကိုကိုကလည်းကောင်း အသီးသီးပညာပေးဟောပြောကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများက တောင်သူကြီးများနှင့် မိသားစုများအား ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ **(၉၄)**

သဲအင်းဂူ ငါးရက်တရားစခန်း

မအူပင် မတ် ၁၁

ဧရာဝတီတိုင်း မအူပင်မြို့နယ် ထနီးကျေးရွာ ထနီးအဝပိုင်း ဦးတိုးမောင်၊ (ဒေါ်မြတင်)၏ နေအိမ်တရားမဏ္ဍပ်တွင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဆရာတော် ဘဒ္ဒန္တ စိန္တာမယ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့် သာသနာပြု ဓမ္မကထိက)က ခန္ဓာကိုယ်တွေ့ ဝိပဿနာ အလုပ်ပေးတရားတော်များကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင် ဖွင့်လှစ်မည်ဖြစ်သည်။ **(က–ပ)**

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စစ်တွေမြို့ ရွှေပြားရပ်ကွက် သောက်သုံးရေရရှိရေးအတွက် ရေပိုက်များအသစ်သွယ်တန်းခြင်း၊ ရေသော့ အုံများတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံဌေးတို့ ဖေဖော်ဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့က ရှင်းလင်းပြသစဉ်။
(မြို့နယ်စည်ပင်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဂုဏ်ပြုပူဇော် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်

ခရမ်း မတ် ၁၀

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကင်မွန်းခြံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇာနေယျ အရှင်မြတ်အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၈ ရက်က ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

—— ကြွရောက်တော်မူ ——

အခမ်းအနားသို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ခရမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

—— ဂုဏ်ပြုပူဇော် ——

အခမ်းအနားတွင် ခရမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရက ငါးပါးသီလချီးမြှင့်ကာ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင့်လွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဂုဏ်ပြုပူဇော်ကြသည်။

ယင်းနောက် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီး ဒေါ်ဝင်းဝင်းသန်း အမှူးပြုသော အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို မတ် ၁ ရက်က မိုင်းတင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုနှင့်ဦးစိုင်းနော်ခမ်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်ပြန်/ဆက်)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းအရှည်ပေ ၇၂၆၀၊ အကျယ် ၁၇ ပေရှိ သိမ်ရွာ၊ ကျောက်ပနား၊ ဟံဇားကျေးရွာချင်းဆက် မြေသားလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်းဖောက်လုပ်လျက်ရှိရာ ဖေဖော်ဝါရီ၁၇ ရက်က အမှုဆောင်အရာရှိဦးလှသောင်းနှင့် အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၄၂၅)

မြို့နယ် သတင်းများ

အိုးဘို အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့် ပညာရေးဌာနသို့ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်

ဒေးဒရဲ မတ် ၄

ဖျာပုံခရိုင် ဒေးဒရဲမြို့ အိုးဘိုအခြေခံပညာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၈ ရက် နံနက် ၉နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးကျော်ထူးက ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင်များကိုယ်စား မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း အကြီးတန်း ဆိုင်မန်နေဂျာ ဦးသန်းနွယ်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား မြို့နယ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်အား ဌာနခွင့်ပြုငွေကျပ် ၂၁ သိန်း၊ စေတနာရှင်များ ပါဝင်လှူဒါန်း သည့်ငွေကျပ် ၁၂၄ သိန်းကျော်၊ စုစုပေါင်း ကုန်ကျငွေကျပ် ၁၄၅ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မိုးကြိုဂုန်လျှော် ကွင်းဖွင့်စိုက်ပျိုးပွဲ ကျင်းပ

မော်လမြိုင်ကျွန်း မတ် ၅

မော်လမြိုင်ကျွန်းမြို့နယ် မုန်ကူကနစိုချောင်းကျေးရွာအုပ်စုတွင် မိုးကြိုဂုန်လျှော် ကွင်းဖွင့် စိုက်ပျိုးပွဲကို မတ် ၂ ရက် နံနက် ၈ နာရီက မုန်ကူကျေးရွာ ဂုန်လျှော်တောင်သူ ဦးမြင့်သန်း၊ ဦးခင်မောင်မြင့်နှင့် ဦးကျော်ဝင်းလှိုင်တို့၏ လယ်မြေလေးဧကတွင်ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်မြေစာရင်းဦးစီး အရာရှိ ဦးနိုင်အောင်၊ မြို့နယ်မြန်မာ့ဂုန်လျှော်လုပ်ငန်းမန်နေဂျာ ဦးလှမြင့်နှင့် ဝန်ထမ်းများ၊ မုန်ကူကနစိုချောင်း၊ သပြေချောင်းနှင့် လပွတ်ကွဲနုံးတန်းကျေးရွာ အုပ်စုများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဂုန်လျှော်စိုက်တောင်သူများ တက်ရောက်ကြပြီး ဂုန်လျှော်စိုက်ပျိုးရန် မြေပြုပြင်ခြင်း၊ မြေခံဓာတ်မြေဩဇာ ထည့်သွင်းခြင်းနှင့် ဂုန်လျှော်မျိုးစေ့ ကြဲချစိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်စိုက်ပျိုးကြသည်။ **(အောက်ပုံ) (၃၆၄)**

ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုရ စာရေးဆရာဦးဟန်ညွန့်(ဥပဒေ)နှင့်ဇနီး စာရေးဆရာမ ညိုညိုယဉ်(ဒိုက်ဦး)တို့ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ပခုက္ကူမြို့နယ် လက်ပြကျေးရွာ ပညာ့အားမာန် စာပေရိပ်သာတွင် ကျောင်းသားလူငယ်များအား စာပေရေးရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးစဉ်။ (က–ပ)

စာကြည့်တိုက် ဆောက်လုပ်ရန် အလှူငွေပေးအပ်

မကွေး ဖေဖော်ဝါရီ ၂၉

မကွေးမြို့နယ် အမက(၁၇) ကန်နီကျေးရွာ ကျောင်းစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် ၁၀ သိန်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ကန်နီကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်လွင်နှင့် ပညာရေးမိသားစုများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုးအောင်၊ UNDPပညာ၊ လူမှုမြို့နယ်တာဝန်ခံ ဦးတင်ထွန်းနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး အလှူရှင် ဦးကျော်ရွှေ–ဒေါ်လှကြည် မိသားစုကိုယ်စား ဦးမြင့်က မြို့နယ်ပညာရေးမှူးထံ အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များကိုယ်စား ဦးအောင်သာက လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားသည်။ **(၂၀၄)**

အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)
အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့်
အားကစားလေ့ကျင့်ရေးသင်တန်း
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ၂၀၀၄ခုနှစ် ဇွန်လမှစတင်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ ကျိုက္ကဆံကွင်း)နှင့်အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေးမြို့)တို့တွင် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများကို တက်ရောက်ရန် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။
  (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
  (ခ) (၁–၆–၂၀၀၄)တွင် အခြေခံပညာအလယ်တန်းအတွက် အသက်(၁၅)နှစ်ထက်မကြီးသူ၊ အခြေခံပညာအထက်တန်းအတွက် အသက်(၁၇)နှစ်ထက်မကြီးသူဖြစ်ရမည်။ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းတက်ရောက်လိုသူများအတွက် သတ်မှတ်ချိန်အတိုင်း အားကစားလေ့ကျင့်ပြီး သတ္တမတန်းမှဒသမတန်းအထိ ပညာသင်ကြားပေးမည်ဖြစ်ပါသည်။
  (ဂ) အားကစားလေ့ကျင့်ရေး သင်တန်းအတွက် ပညာသင်ကြားရေးမပါ အားကစားလေ့ကျင့်ရေးသီးသန့်ဖြစ်ပြီး အလယ်တန်းပညာအဆင့်ရှိ၍ ၁–၆–၂၀၀၄တွင် အသက်(၁၆)နှစ်မှ (၂၀)နှစ်အတွင်းရှိသူ၊ အနည်းဆုံးအရပ်(၅ပေ၊ ၆လက်မ)နှင့်ကိုယ်အလေးချိန်(၁၁၀)ပေါင်ရှိသူ၊ အနည်းဆုံးသက်တန်းအလိုက် ပြည်နယ်၊ တိုင်းအဆင့်အထိ ကစားဖူးသူများဖြစ်ရမည်။ (အားကစားထူးချွန်လျှင် အသက်နှင့်ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်)

၂။ **အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ ကျိုက္ကဆံကွင်း)အတွက်**
  (က) လေ့ကျင့်ပေးမည့်အားကစားနည်းများ– ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊အလေးမ၊ ကျွမ်းဘား၊ လက်ဝှေ့၊ ဂျူဒို၊ မြားပစ်၊ ဝူရှူး၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ သိုင်း၊ ပိုက်ကျော်ခြင်း၊ အားကစားနည်း (၁၄)မျိုး (လက်ဝှေ့မှအပ ကျား၊ မ လျှောက်ထားနိုင်သည်)
  (ခ) အကျုံးဝင်သော နေထိုင်ရာပြည်နယ်နှင့်တိုင်းများ – ကယား၊ ကရင်၊ တနင်္သာရီ၊ ပဲခူး၊မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီ

မှတ်ချက်။ ။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် လေ့ကျင့်သင်ကြားပေးခြင်းမရှိသော မြားပစ်၊ ရေကူး၊ ကြက်တောင်၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ သိုင်းအားကစားနည်း(၆)မျိုးအတွက် ပြည်နယ်/တိုင်းအားလုံးမှ လျှောက်ထားနိုင်ပါသည်။

၃။ **အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အတွက်**
  (က) လေ့ကျင့်ပေးမည့်အားကစားနည်းများ –ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ အလေးမ၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း အားကစားနည်း (၈)မျိုး (လက်ဝှေ့မှ အပ ကျား၊ မ လျှောက်ထားနိုင်သည်)
  (ခ) အကျုံးဝင်သောနေထိုင်ရာပြည်နယ်နှင့်တိုင်းများ – ကချင်၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း)

၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပါက နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားရေး၊ အားကစားလေ့ကျင့်ရေး၊ ပြိုင်ပွဲ ဝင်ယှဉ်ပြိုင်ရေး၊ အပန်းဖြေမှုနှင့် လစဉ်ထောက်ပံ့ကြေးငွေများကို နိုင်ငံတော်မှ စီစဉ်ပေးမည်။

၅။ လျှောက်ထားသည့် အားကစားနည်းအလိုက် လိုအပ်သည့်အရပ်အမောင်းနှင့် ကိုယ်အလေးချိန်၊ ခန္ဓာကိုယ်အချိုးအစား ကိုက်ညီသူများကို ဦးစားပေးရွေးချယ်မည်။

၆။ လျှောက်ထားသည့် အားကစားနည်းအလိုက် အားကစားအဆင့်နှင့် ကျွမ်းကျင်မှုကို စစ်ဆေးခံရမည့်အပြင် ကြံ့ခိုင်စွမ်းရည်စစ်ဆေးချက်(၅)ရပ်[ကျား/မ မီတာ (၁၀၀)အပြေး၊ လက်ထောက်တွန်းတင်၊ အိပ်ထမတင်၊ ရပ်လျက်အလျားခုန်၊ ကျားမီတာ(၈၀၀) မမီတာ(၄၀၀)အပြေး]ကို လျှောက်ထားသူတိုင်း စစ်ဆေးခံယူပြီး သတ်မှတ်အဆင့်မီသူများသာ ရွေးချယ်ခြင်းခံကြရမည်။

၇။ သင်တန်းသည် ရေရှည်အစီအစဉ်ဖြစ်သဖြင့် ရွေးချယ်ခံရသူသည် သတ်မှတ်ကာလပြီးဆုံးသည်အထိ တစ်ဆက်တည်း တက်ရောက်နိုင်သူဖြစ်ရမည့်အပြင် သတ်မှတ်ကာလအတွင်း အားကစားအရည်အချင်းတိုးတက်မှုမရှိ၊ ကြိုးစားအားထုတ်မှုမရှိ၊ စည်းကမ်းလိုက်နာမှုမရှိလျှင် သင်တန်းမှရပ်စဲခြင်းခံရမည်။

၈။ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများတွင် ရယူနိုင်ပါသည်။

၉။ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး)များမှ ကျန်းမာရေးဆေးစစ်ဆေးမှု မအောင်မြင်ခြင်း၊ အားကစားတိုးတက်မှု အဆင့်မမီခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်းတို့ကြောင့် ပြန်လည်စေလွှတ်ခြင်းခံရပြီးသူများ လျှောက်ထားရန်မလိုပါ။

၁၀။ လျှောက်လွှာနှင့်အတူ–
  (က) **အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအတွက်**
    (ကက) ပညာအရည်အချင်းနှင့် အသက်အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ၊ (အထောက်အထားမပြည့်စုံပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။)
    (ခခ) အားကစားထူးချွန်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ ဦးစီးအရာရှိ၏ ထောက်ခံစာနှင့်အတူ သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံများအားဖြည့်စွက်၍ သက်ဆိုင်ရာပြည်နယ်၊တိုင်းအား/ကာဦးစီးဌာနရုံးများသို့ ၂၀၀၄ခုနှစ်၊ မတ်လ(၂၄)ရက် ဗုဒ္ဓဟူးနေ့ နောက်ဆုံးထားပေးပို့ရမည်။
  (ခ) **အားကစားလေ့ကျင့်ရေးသင်တန်းအတွက်–**
    (ကက) အသက်အတွက် မွေးစာရင်း/အိမ်ထောင်စုဇယား/နိုင်ငံသားစိစစ်ရေးကတ်ပြားပါ အသက်အထောက်အထားများ ပြသနိုင်ရမည်။
    (ခခ) အားကစားအရည်အချင်းအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ ထောက်ခံချက်ပါရှိရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တယ်လီဖုန်းအမှတ်(၅၅၄၇၂၁၊ ၅၅၄၂၃၂)နှင့် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

[illegible]

B.A (ML.)

[illegible]

B.A (ML.)

[illegible]

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
လေလံကြော်ငြာ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် ရှုခင်းသာအပန်းဖြေဥယျာဉ်နှင့် ကန်တော်ကြီး Relaxation Zoneရှိ လုပ်ငန်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားခြင်းကို ၂၉–၃–၂၀၀၄ရက်(တနင်္လာနေ့) ဝ၉း၀၀နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ လေလံပွဲတွင် ၁–၃–၂၀၀၄ မှ၈–၃–၂၀၀၄အထိ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော လေလံပွဲတွင် လေလံမအောင်မြင်သော ကျန်ရှိနေသည့် အခွန်ဌာနမှ လုပ်ငန်းများ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ယာဉ်ရပ်နားခ ကောက်ခံခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သန့်စင်ခန်းများ၊ ဈေးများဌာနမှ သန့်စင်ခန်းများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ပန်းခြံဝင်ငွေရလုပ်ငန်းများ၊ ဈေးများဌာနမှ ဘုရင့်နောင်ဈေး (၂)ထပ်ရုံဆိုင်ခန်းများ၊ အခွန်ဌာနမှ ဒဂုံဇရာပွဲရုံနှင့် အဝေးပြေးဆိုင်ခန်းများ၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်ခန်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၃) စီးပွားရေးဇုံ့ဖြိုးမှုဇုန်မှ ဆိုင်ခန်းများနှင့် ပစ္စည်းဟောင်းများကိုပါထည့်သွင်း၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားခြင်း၊ ရောင်းချခြင်းများကို ထပ်မံ ကျင်းပပြုလုပ်ပေးမည်ဖြစ်ပါသည်။

လေလံလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအနီးရှိ ဆယ်ထပ်ရုံး[အင်ဂျင်နီယာဌာန(အဆောက်အအုံ)]ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၆–၃–၂၀၀၄ (သောကြာနေ့)ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ) (ဖုန်း–၂၄၉၅၂၅၊ ၂၄၈၁၁၂၊ လိုင်းခွဲ ၂၇၉)သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ကြေညာချက်

